ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး**

(၁၂)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်**

**( ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက် )**

**[ဗုဒ္ဓဟူးနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင် ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးရဲ့ (၁၂)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ် ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၁)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို ( ၁၉၇)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ရဲ့ (၈၉.၁၄) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာ ပါတယ်။ (ဩဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးရဲ့ (၁၂)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၅။**

**ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ ၁၀-၈-၂၀၁၆ ရက်နေ့မှာ အစည်းအဝေးသို့

တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီ အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးမင်းဦး က ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များမှာ ဦးညီစိန်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးသိန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန် နှင့် ဦးဇယ်ခေါင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ဒေသဖွံ့ဖြိုးရေးတို့ ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ (၂၁)ဦးရှိပြီး၊ ယနေ့ ခွင့်ပန်ကြားသူ(၃)ဦး ဖြစ်တဲ့အတွက် စုစုပေါင်း ခွင့်ပန်ကြားသူ(၂၄)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်(၃)ဦးအား ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာ ပန်ကြားတင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၁)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃)ဦး ဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၂၄ )ဦးဖြစ်ပြီး၊ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (ဂ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်းအစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ သို့မဟုတ် (၂၁) ရာစု ပင်လုံညီလာခံ နှင့် စပ်လျဉ်း၍ သိရှိလိုသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ ယခု ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်နီနိုင် က ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ သို့မဟုတ် (၂၁)ရာစု ပင်လုံညီလာခံနှင့် စပ်လျဉ်း၍ သိရှိလိုသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဦးကျော်နီနိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဒေသ၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်နီနိုင် ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ်နဲ့ ရှမ်းပြည်နယ် မြောက်ပိုင်းဒေသများ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ပြည်တွင်း ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနဲ့ တည်ငြိမ်အေးချမ်းရေး ပြည်ထောင်စုညီလာခံ (၂၁)ရာစု ပင်လုံညီလာခံ ကျင်းပရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးပေးခဲ့သော နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်တကွ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ အစိုးရအဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များအား အထူးကျေးဇူးတင်ရှိပါကြောင်း တိုင်းရင်းသားပြည်သူများကိုယ်စား ပြောကြားလိုပါတယ်။ မကြာခင် ကျင်းပတော့မည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ပင်လုံညီလာခံနှင့် စပ်လျဉ်း၍ မေးခွန်း မေးမြန်းခွင့်တောင်းခံအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ ပင်လုံညီလာခံနှင့်ပတ်သက်ပြီး သမိုင်းမှာ အထင်ကရမှတ်တမ်းဖြစ်တည်ခဲ့တာ အားလုံးအသိပဲ ဖြစ်ပါတယ်။ ပင်လုံညီလာခံလို့ ဆိုလိုက်တာနဲ့ တိုင်းရင်းသားများ တောင်တန်း၊ ပြည်မ မခွဲခြားဘဲ စည်းလုံးညီညွတ်မှုကို ပြသနိုင်ခဲ့တဲ့

သမိုင်းသက်သေရှိခဲ့ပြီး ဖြစ်ပါတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ကိုယ်တိုင်ဦးစီးဦးဆောင်ကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစု ပင်လုံသည်လည်း သမိုင်းတွင်စေမည့် ညီလာခံတစ်ခု ဖြစ်လာမည်ဖြစ်သဖြင့် ပြည်သူလူထုနှင့်အရပ်ဖက် လူ့အဖွဲ့အစည်းအသီးသီးတို့က ကြိုဆိုထောက်ခံမျှော်လင့်နေကြပြီ ဖြစ်ပါတယ်။ လှုပ်ရှားမှုအသီးသီးဖြင့် စတင် ထောက်ခံကြိုဆိုနေကြပြီးဖြစ်ပါတယ်။

ဤပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ (၂၁)ပင်လုံကြီး၏ ဆွေးနွေးညှိနှိုင်းမှု၊ ပူးပေါင်းဆောင်ရွက်မှုများသည် ပြည်သူလူထုအများစုမျှော်လင့်တောင့်တနေသည့် ငြိမ်းချမ်းရေးလမ်းစဥ်ကြီးကို များစွာ အထောက်အပံ့ဖြစ်စေနိုင်လိမ့်မည်ဟု ယုံကြည်ယူဆပါသဖြင့် အောက်ပါ မေးခွန်းများကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာ မေးမြန်းအပ်ပါတယ်။ (၁) တိုင်းရင်းသားများစည်းလုံးညီညွတ်မှုနှင့် ငြိမ်ချမ်းရေးဦးဆောင်မှုကို ထုတ်ဖော်ပြသမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစုပင်လုံတွင် တိုင်းရင်းသားလူမျိုးစုအားလုံး ကိုယ်စားပြုကိုယ်စားလှယ်ဦးရေ မည်မျှတက်ရောက်ခွင့်ရှိမည်နည်း။ (၂) တိုင်းရင်းသားလူမျိုးစုအလိုက် ကိုယ်စားပြုတက်ရောက်ခွင့် ရှိ/မရှိနှင့် မည်ကဲ့သို့ စီစဥ်ဖိတ်ကြားထားသည်နှင့် မည်ကဲ့သို့ ကျင်းပပြုလုပ်သွားမည်ကို သိရှိလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၁။**

**ဦးကျော်တင့်ဆွေ(ပြည်ထောင်စုဝန်ကြီး၊နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်းနဲ့ ကိုယ်၏ကျန်းမာခြင်း ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်တော်ကတော့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဦးကျော်တင့်ဆွေ ဖြစ်ပါတယ်။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁) က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်နီနိုင် ရဲ့ ကြယ်ပွင့်ပြ မေးခွန်းနဲ့ပတ်သက်ပြီး ပြန်လည်ဖြေကြား ရှင်းလင်းသွားမှာ ဖြစ်ပါတယ်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဦးဆောင်ပြီးကျင်းပပြုလုပ်မည့်ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစု ပင်လုံညီလာခံနှင့်ပတ်သက်ပြီး အခုလို လွှတ်တော်မှာ ရှင်းလင်းတင်ပြခွင့်ရတဲ့အတွက်လည်း များစွာ ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။ လွှတ်တော်ကိုယ်စားလှယ် ဦးကျော်နီနိုင် ရဲ့ မေးခွန်းကတော့ (၂)ခုဖြစ်ပါတယ်။ ပထမမေးခွန်းကတော့ တိုင်းရင်းသားများစည်းလုံးညီညွတ်မှုနှင့် ငြိမ်းချမ်းရေးဦးဆောင်မှုကိုဖော်ထုတ်ပြသမည့် (၂၁)ရာစုပင်လုံညီလာခံကြီးတွင် တိုင်းရင်းသားလူမျိုးစုအားလုံး ကိုယ်စားပြုကိုယ်စားလှယ်ဦးရေ မည်မျှ တက်ရောက်ခွင့်ရှိမည်နည်း ဖြစ်ပြီးတော့၊ ဒုတိယမေးခွန်းကတော့ တိုင်းရင်းသားလူမျိုးစုအလိုက် ကိုယ်စားပြုတက်ရောက်ခွင့်

ရှိ/မရှိနှင့် မည်သို့ စီစဉ်ဖိတ်ကြားထားသည် မည်သို့ ကျင်းပပြုလုပ်သွားမည်ကို သိရှိလိုပါသည် ဆိုတဲ့ မေးခွန်းတွေ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းကို ပြည့်ပြည့်စုံစုံ ရှင်းလင်းဖြေကြားနိုင်ဖို့အတွက် ငြိမ်းချမ်းရေးညီလာခံ လုပ်ငန်းစဉ်ကို ပြန်ပြီးတော့ ရှင်းလင်းတင်ပြခွင့်ပြုပါ။ လက်ရှိအစိုးရလက်ထက်မှာ အဓိကဦးစားပေး လုပ်ငန်းစဉ်တစ်ရပ်အနေနဲ့ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဆောင်ရွက်ခဲ့ပါတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင်ဦးစီး ဦးဆောင်ပြုပြီး ဆောင်ရွက်နေတာဖြစ်ပါတယ်။ ပထမဆုံး (၂၁)ရာစု ပင်လုံညီလာခံ အကြိုပြင်ဆင်ရေးကော်မတီနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (National Reconciliation And Peace Center-NRPC) ပြင်ဆင်ဖွဲ့စည်းရေးကော်မတီဆိုပြီးတော့ ကော်မတီ(၂)ရပ်ဖွဲ့စည်းခဲ့ပါတယ်။ တစ်ဖက်မှာ ငြိမ်းချမ်းရေးဆွေးနွေးညှိနှိုင်းမှုတွေကို ပြင်ဆင်ရေးကော်မတီက တာဝန်ယူဆောင်ရွက်ပြီးတော့ ကျန်တစ်ဖက်မှာ ဒီလုပ်ငန်းတွေကို အဓိက တာဝန်ယူဆောင်ရွက်ရမယ့် ဖွဲ့စည်းမှုကို ပြင်ဆင်ထားတာဖြစ်ပါတယ်။ အရင်တုန်းက Myanmar Peace Centre-MPC က တာဝန်ယူဆောင်ရွက်ခဲ့တာတွေကို NRPC အနေနဲ့ ပြောင်းလဲဖွဲ့စည်းခဲ့ပါတယ်။

တစ်ချိန်တည်းမှာပဲ အကြိုပြင်ဆင်ရေးကော်မတီအောက်မှာ တစ်နိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှုများ ရပ်စဲရေးသဘောတူညီချက် Nationwide Ceasefire Agreement-NCA)လက်မှတ်ရေးထိုးပြီးသား တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ ဆွေးနွေးညှိနှိုင်းဖို့ Sub Committee (၁) နဲ့ NCA လက်မှတ်မထိုးရသေးတဲ့အဖွဲ့တွေနဲ့ ဆွေးနွေးညှိနှိုင်းဖို့ Sub Committee(၂) ဆိုပြီးတော့ ဖွဲ့စည်း ခဲ့ပါတယ်။ NCA အရ ဖွဲ့စည်းထားတာတွေကလည်း ရွေးကောက်ပွဲကျင်းပပြီးတဲ့နောက်မှာ အချိန်အခါနဲ့ လက်ရှိအခြေအနေနဲ့ လက်ရှိအနေအထားနဲ့ လိုက်လျောညီထွေဖြစ်မယ့် စုဖွဲ့မှုတွေကို ပြင်ဆင်ဖွဲ့စည်းဖို့ လိုအပ်လာခဲ့ပါတယ်။

ပြည်ထောင်စုငြိမ်းချမ်းရေးဖွဲ့စည်းမှု ပူးတွဲကော်မတီ (Union Peace Dialogue Joint Committee-UPDJC) ကို အသစ်ပြန်လည် ဖွဲ့စည်းခဲ့ပါတယ်။ အဲဒီလိုဖွဲ့စည်းတဲ့နေရာမှာလည်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် က ဥက္ကဋ္ဌအဖြစ်တာဝန်ယူ ဆောင်ရွက်ခဲ့ပါတယ်။ အစိုးရ၊ လွှတ်တော်၊ တပ်မတော်ကတစ်ဖွဲ့၊ တစ်နိုင်ငံလုံးအပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေးကို သဘောတူစာချုပ် လက်မှတ်ရေးထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေက တစ်ဖွဲ့၊ နိုင်ငံရေးပါတီတွေကတစ်ဖွဲ့ သုံးပွင့်ဆိုင် စုဖွဲ့တဲ့ပုံစံမျိုးပဲဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်တို့ ကျင်းပမည့်ညီလာခံကို အပြည့်အစုံအနေနဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစုပင်လုံဆိုပြီးတော့ ခေါ်ဆိုထားပါတယ်။ ဒါဟာလည်း NCA လက်မှတ်ရေးထိုးထားပြီးသား တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေဖက်က တင်ပြလာတဲ့ နိုင်ငံရေးဆွေးနွေးမှုအဆင့်တွေနဲ့ လိုက်လျောညီထွေဖြစ်အောင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဆောင်ရွက်လိုတဲ့ အမည်နာမလည်းပါရှိအောင် ဒီလိုခြုံပြီးတော့ ခေါ်တွင်ရခြင်းဖြစ်ပါတယ်။ ရှင်းလင်းပြောကြားလိုပါတယ်။ အဓိကဆိုလိုရင်းက ၁၉၄၇ ခုနှစ်မှာ တောင်တန်း၊ ပြည်မခွဲခြားပဲ လွတ်လပ်ရေးကို တစ်စု

တစ်စည်းတည်း သီးခြားယူနိုင်အောင် ချုပ်ဆိုခဲ့တဲ့ ပင်လုံစာချုပ်ပါ အမျိုးသားညီညွတ်ရေးကို ကိုယ်စားပြုတဲ့ ပင်လုံစိတ်ဓာတ်နဲ့ ငြိမ်းချမ်းရေးကို လက်တွဲပူးပေါင်း တည်ဆောက်သွားမယ့် အဓိပ္ပာယ်ပဲ ဖြစ်ပါတယ်။

ဒီနောက်ပိုင်းမှာတော့ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးဗဟိုဌာန NRPC ကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဥက္ကဋ္ဌအဖြစ်တာဝန်ယူပြီး ဖွဲ့စည်းခဲ့ပါတယ်။ တစ်ချိန်တည်းမှာပဲ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် က NCA လက်မှတ်ရေးထိုးပြီးသား တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၈)ဖွဲ့ရဲ့ ခေါင်းဆောင်တွေနဲ့ နေပြည်တော်မှာ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၈ ရက်နေ့မှာ တွေ့ဆုံခဲ့ပါတယ်။ (၂၁)ရာစုပင်လုံညီလာခံ ကျင်းပရေးအပါအဝင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွေနဲ့ ပတ်သက်ပြီး ဆွေးနွေးညှိနှိုင်းခဲ့ကြပါတယ်။ ဇူလိုင်လ ၁၇ ရက်နေ့မှာ ရန်ကုန်မြို့မှာ ရှိတဲ့ NRPC ရုံးမှာ ညီညွတ်သောတိုင်းရင်းသားများ ဖယ်ဒရယ်ကောင်စီ (UNFC) ခေါင်းဆောင်တွေနဲ့ တွေ့ဆုံပြီး ဆွေးနွေးညှိနှိုင်းခဲ့ပါတယ်။ အခုနောက်ဆုံး ဇူလိုင်လ ၂၉ ရက်နေ့မှာတော့ နေပြည်တော်မှာပဲ “ဝ” အထူးဒေသ(၂)ခေါင်းဆောင်တွေ၊ အထူးဒေသ(၄)မိုင်းလား ခေါင်းဆောင်တွေနဲ့ တွေ့ဆုံဆွေးနွေးခဲ့ ပါတယ်။

NRPC ရဲ့ အောက်မှာ ဒေါက်တာတင်မျိုးဝင်း ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တဲ့ ငြိမ်းချမ်းရေး ကော်မရှင်ကို စနစ်တကျဖွဲ့စည်းထားပြီးတော့ ငြိမ်းချမ်းရေးဆွေးနွေးညှိနှိုင်းမှုတွေကို ဆောင်ရွက်နေ ပါတယ်။ မကြာသေးခင်ကပဲ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ မိုင်ဂျာယန်ညီလာခံ ကျင်းပခဲ့ရာမှာ ကျွန်တော်တို့အနေနဲ့ တတ်နိုင်သမျှ အဆင်ပြေချောမွေ့အောင် ပံ့ပိုးကူညီမှုတွေ ဆောင်ရွက်ပေးခဲ့ပါတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ချမှတ်ထားတဲ့မူဝါဒကတော့ (၂၁)ရာစု ပင်လုံညီလာခံမှာ ပါဝင်သင့်ပါဝင်ထိုက်သူတွေ ပါဝင်နိုင်ဖို့ ဖြစ်ပါတယ်။ ဒီညီလာခံရဲ့ နိုင်ငံရေး ဆွေးနွေးညှိနှိုင်းမှု ရလဒ်တွေကနေ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ကြဖို့ မျှော်မှန်း ထားတာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ အဝေးကြီးမကြည့်ဖို့၊ လက်တွေ့ကျပြီး အလုပ် ဖြစ်ဖို့၊ နိုင်ငံရေးဆွေးနွေးပွဲတွေမှာ ဘုံသဘောတူညီချက်ဖြင့် အဖြေထွက်နိုင်ဖို့ လုပ်ငန်းလမ်းညွှန်တွေချမှတ် ပေးထားပါတယ်။

ဒါတွေရဲ့ အခြေခံကတော့ လက်ရှိပြန်လည်သုံးသပ်မှုတွေ လုပ်နေတဲ့ နိုင်ငံရေးဆွေးနွေး မှုဘောင် Political Framework ပဲ ဖြစ်ပါတယ်။ NCA ထိုးပြီးသားအဖွဲ့တွေ၊ မထိုးရသေးတဲ့ အဖွဲ့တွေနဲ့ နိုင်ငံရေးဆွေးနွေးမှု မူဘောင်ကို ပြန်လည်သုံးသပ်မှုတွေ ပြုလုပ်သွားမှာ ဖြစ်ပါတယ်။ ဒါဟာလည်း အားလုံးပါဝင်စေလိုတဲ့ ဆန္ဒနဲ့ လုပ်ဆောင်ထားခြင်း ဖြစ်ပါတယ်။ သူတို့ကိုလည်း တရားဝင်ဖိတ်ကြား ထားပြီးဖြစ်ပါတယ်။ မူဘောင်ပြန်လည်သုံးသပ်မှုတွေ ပြီးစီးသွားရင် UPDJC မှာ အတည်ပြုသွားမှာ ဖြစ်ပါတယ်။ ဒီနောက်မှာတော့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစု ပင်လုံကို ဒီလ ၃၁ ရက်နေ့မှာ ကျင်းပသွားဖို့ ရှိပါတယ်။ လက်ရှိဆောင်ရွက်နေတဲ့ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်နဲ့ပတ်သက်ပြီးတော့ ဒီလောက်ပဲ ကျွန်တော် တင်ပြချင်ပါတယ်။ အဓိက တင်ပြချင်တာ ကတော့ ဒီဆွေးနွေးဆုံးဖြတ်ချက်တွေကို UPDJC က ပြုလုပ်မယ်ဆိုတဲ့အချက်ကို မီးမောင်းထိုးပြီးတော့ ပြသခြင်းပဲဖြစ်ပါတယ်။

ဆက်လက်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ် ဦးကျော်နီနိုင် ရဲ့ ပထမဆုံးမေးခွန်းကို ဖြေကြားလိုပါတယ်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစု ပင်လုံမှာ တက်ရောက်မယ့် ကိုယ်စားလှယ်ပေါင်း (၇၀၀)ခန့်ရှိမယ်လို့ မျှော်မှန်းထားပါတယ်။ ယခင်က နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်အရကတော့ ညီလာခံတက်ရောက်မယ့် ကိုယ်စားလှယ်(၇၀၀)မှာ အစိုးရအဖွဲ့ ကိုယ်စားလှယ် (၇၅)ဦး၊ လွှတ်တော်ကိုယ်စားလှယ်(၇၅)ဦး၊ တပ်မတော်သားကိုယ်စားလှယ်(၁၅၀)ဦး၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်(၁၅၀)ဦး၊ တရားဝင်နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ် (၁၅၀)ဦး၊ တိုင်းရင်းသားကိုယ်စားလှယ်(၅၀)ဦးနဲ့ အခြားပါဝင်သင့် ပါဝင်ထိုက်တဲ့သူတွေ (၅၀)ရှိမယ်လို့သတ်မှတ်ထားပါတယ်။ ဒီနိုင်ငံရေး ဆွေးနွေးမှုဆိုင်ရာ မူဘောင်ကိုလည်း ပြန်လည်သုံးသပ်ဖို့ ရှိပါတယ်။ ဖိတ်ကြားမှုစာရင်း အတိအကျကိုတော့ ယခုလလယ်မှာ ကျင်းပပြုလုပ်မယ့် ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) မှာ ဆွေးနွေးညှိနှိုင်းပြီး အတည်ပြုသွားရမှာ ဖြစ်တယ်ဆိုတာကို တင်ပြလိုပါတယ်။

ဒုတိယမေးခွန်းဖြစ်တဲ့ တိုင်းရင်းသားလူမျိုးစုအလိုက် ကိုယ်စားပြုတက်ရောက်ခွင့် ရှိ/မရှိနှင့် မည်ကဲ့သို့ စီစဥ်ဖိတ်ကြားထားသည်၊ မည်ကဲ့သို့ ကျင်းပပြုလုပ်သွားမည်ကို သိရှိလိုပါသည် ဆိုတာနဲ့ပတ်သက်လို့တော့ ကျွန်တော်တို့အနေနဲ့ ပါဝင်သင့်ပါဝင်ထိုက်တဲ့သူတွေ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေကော၊ တိုင်းရင်းသားတွေကိုပါ ပါဝင်နိုင်ရေးကို အလေးထား ဆောင်ရွက်လျက်ရှိပါတယ်။ ဒီမေးခွန်းမှာ မေးထားတဲ့ အသေးစိတ်အချက်အလက်တွေနဲ့ပတ်သက်လို့လည်း (UPDJC)မှာ ဆုံးဖြတ်ပြီးမှ ပေါ်ထွက်လာမှာဖြစ်တဲ့အတွက် ဘယ်လိုဖြစ်လာမလဲဆိုတာ လတ်တလောကာလမှာ အတိအကျ မပြောနိုင်သေးပါဘူး။ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ၏ ညှိနှိုင်းမှုတွေက ပေါ်ထွက်လာမယ့် ရလဒ်တွေပေါ်မှာ မူတည်ပါတယ်လို့ ဖြေကြားလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်၊ ရေရှားကျေးရွာနှင့် မာလကာကုန်းကျေးရွာကြား ကားလမ်းဘေးရှိ ရောင်နီအရက်ချက်စက်ရုံမှ စွန့်ပစ်ရေဆိုးများကို ဆင်ကျုံးချောင်းအတွင်းသို့ စည်းကမ်းမဲ့စွန့်ပစ်နေခြင်း၊ စက်ရုံအနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများအား ဆိုးကျိုးများ သက်ရောက်နေခြင်း၊ အရည်အသွေး စိစစ်ခြင်းမရှိသော စက်ရုံထုတ်အရက်များကို ဖြန့်ဖြူးရောင်းချနေခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်မောင်အုန်း က ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်၊ ရေရှားကျေးရွာနှင့် မာလကာကုန်း ကျေးရွာကြား ကားလမ်းဘေးရှိ ရောင်နီအရက်ချက်စက်ရုံမှ စွန့်ပစ်ရေဆိုးများကို ဆင်ကျုံးချောင်းအတွင်းသို့ စည်းကမ်းမဲ့စွန့်ပစ်နေခြင်း၊ စက်ရုံအနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများအား ဆိုးကျိုးများ သက်ရောက်နေခြင်း၊ အရည်အသွေးစိစစ်ခြင်းမရှိသော စက်ရုံထုတ်အရက်များကို ဖြန့်ဖြူးရောင်းချနေခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၁။**

**ဦးမောင်မောင်အုန်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၅)။** ။ မင်္ဂလာနံနက်ခင်းပါခင်ဗျား။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့် လေ့လာသူများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာစေကြောင်း ဆုတောင်းလိုက်ပါတယ်။ Power Point နဲ့ Slide သုံးစွဲခွင့်ပြုပါရန် အချိန်ပို(၂)မိနစ်တောင်းခံအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး အမှတ်(၅)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်အုန်း ဖြစ်ပါတယ်။

ကျွန်တော်တင်ပြမယ့် မေးခွန်းကတော့ ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်၊ မြစ်ကျိုးအုပ်စု၊ ရေရှားကျေးရွာနှင့် မာလကာကုန်းကျေးရွာကြား မြန်အောင်-ကြံခင်း ကားလမ်းဘေးကပ်လျက်ရှိ ရောင်နီအရက်ချက် စက်ရုံမှ စွန့်ပစ်ရေဆိုးများအား ဆင်ကျုံးချောင်းအတွင်းသို့ စီးဝင်ပြီး ချောင်းတစ်လျှောက် နေထိုင်ကြတဲ့ ပြည်သူများမှာ အရေပြားနဲ့သက်ဆိုင်တဲ့ ရောဂါများ၊ စက်ရုံမှ အနံ့ဆိုးများကြောင့် အသက်ရှုလမ်းကြောင်းဆိုင်ရာရောဂါများ ဖြစ်ပွားနေမှုနဲ့ စက်ရုံထုတ်အရက်များကို အနီးအနားရပ်ကွက်မှ ပြန်လည်ဖြန့်ဝေရောင်းချနေခြင်းကို သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်း ဝန်ကြီးဌာနများမှ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနဲ့အညီ အမြန်ဆုံးစိစစ်အရေးယူဆောင်ရွက်ပေးရန် အစီအစဉ် ရှိ /မရှိ ဆိုတဲ့မေးခွန်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်ပါ ရောင်နီအရက်ချက်စက်ရုံက ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့ အမှတ်(၁) ရက်ကွက်နဲ့လည်း နီးကပ်နေပြီး စက်ရုံမှ မီးခိုးနဲ့အတူ ဖွဲပြာမှုန့်များ၊ ကျောက်မီးသွေးအမှုန့်များဟာ အနီးနေပြည်သူများ ကျန်းမာရေးထိခိုက်မှု၊ လယ်ယာသီးနှံများပေါ် ကျသဖြင့် စပါးပင်၊ မြေပဲပင်နဲ့ ခြံများထဲရှိ နှစ်ရှည်သီးပင်များသေကြေ ပျက်စီးတာတွေ့ပါတယ်။ စက်ရုံနယ်မြေကိုလည်း ယခင်က လယ်ယာများအတွက် တူးဖော်ထားတဲ့ ရေနုတ်မြောင်းများကိုပိတ်ပြီး ဆောက်လုပ်ထားတဲ့အတွက် ဆက်စပ်လယ်မြေများနဲ့ လူနေရပ်ကွက်များဟာ မိုးတွင်းအခါ ရေကြီးရေ မြုပ်ဖြစ်ပြီး သီးနှံပျက်ခြင်းနဲ့ ပြည်သူတွေလည်း ဒုက္ခရောက်ကြရပါတယ်။ ထို့အပြင် စက်ရုံမှ စည်းကမ်းမဲ့စွန့်ပစ်သောရေဆိုးများကြောင့် ကားလမ်းဘေးတစ်လျှောက် ရေမြောင်းမှ အနံ့ဆိုးများဟာ ခရီးသွားများနှင့် အနီးရှိရပ်ကွက်မှ ပြည်သူများကို ဆိုးဝါးစွာခံစားစေပါတယ်။ ယင်းရေဆိုးများဟာ ရိုးနီချောင်းမှတစ်ဆင့် မြန်အောင်မြို့နယ်၊ ရှားတောကျေးရွာအုပ်စုတွင်းရှိ တည်ကုန်း၊ ထန်းကုန်း၊ အုန်းကုန်းနဲ့ ဆပ်ပြာကုန်းကျေးရွာများနဲ့ ဆက်စပ်လျက်ရှိတဲ့ ဆင်ကျုံးချောင်းအတွင်းကို ရောက်ရှိလာကာ သုံးစွဲသောပြည်သူများမှာ အရေပြားယားယံခြင်း၊ ရောင်ရမ်းခြင်းတို့ ဖြစ်သလို တိရစ္ဆာန်များနဲ့အပင်များ သေကြေပျက်စီးတာကိုလည်း ကြုံတွေ့နေခဲ့ရပါတယ်။

နွေရာသီ ရေရှားပါးတဲ့အခါမှာလည်း ထိုချောင်းမှ ရေကို ပြည်သူများသုံးစွဲရတဲ့အခါမှာ ကျန်းမာရေးကို ထိခိုက်ပါတယ်။ စက်ရုံထွက်အရက်များကိုလည်း အနီးအနားရပ်ကွက်မှတစ်ဆင့် ဖြန့်ဖြူးရောင်းချနေတာကိုလည်း တွေ့မြင်ရပါတယ်။ ယနေ့ လူငယ်၊ လူရွယ်နဲ့ လူကြီး အချို့ဟာ ဘဝအမောတွေပြေစေဖို့ ငွေကြေးမတတ်နိုင်တဲ့သူတွေကလည်း အထက်ပါစက်ရုံမှ အရက်မျိုးစုံကို ကြုံသလိုလည်းသောက်သုံးနေကြပါတယ်။ စားသုံးရန်မသင့်တော်တဲ့ အရည်အသွေးမရှိတဲ့ အရက်များ

သောက်သုံးသူတွေဟာ ခဏခဏ ငယ်ငယ်ရွယ်ရွယ်နဲ့သေကြလို့ အရက်ကို မအိုဆေးလို့တောင် တင်စားပြောနေကြပါတယ်။ အဆိုးဆုံးက အရက်သောက်သုံးခြင်း အများပြည်သူဆိုင်ရာနေရာများပါ မကျန် ထင်ထင်ပေါ်ပေါ်သုံးစွဲနေတာကိုလည်း တွေ့နေရပါတယ်။ ဥပမာ သင်္ကြန်ကာလလိုမျိုး ဖြစ်ပါ တယ်။ ဒ့ါအပြင် စားသုံးသူများအတွက် အန္တရာယ်ကင်းအောင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ WHO နဲ့ FDA ကလည်းစံချိန်စံညွှန်းနဲ့ ညီ/မညီ ပုံမှန်စစ်ဆေးခြင်းများ၊ ရှောင်တခင်စစ်ဆေးခြင်းများ ပွင့်လင်း မြင်သာစွာ ဆောင်ရွက်မှုကိုလည်း မတွေ့ရပါဘူး။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ရွေးကောက်ပွဲ ကြေညာစာတမ်းပါ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စက်မှုကဏ္ဍအပိုဒ်(က) (ခ) (ဂ)မှာ စက်ရုံများ မှ ရေဆိုးများ၊ စွန့်ပစ်ပစ္စည်းများ၊ လေထုညစ်ညမ်းမှုများကို လျှော့ချကန့်သတ်ခြင်းများနဲ့ လိုအပ်လျှင် တားမြစ်ပိတ်ပင်မယ်လို့ ဖော်ပြထားပါတယ်။ ဒ့ါကြောင့်မို့လို့ အများပြည်သူဆန္ဒအရ အထက်ဖော်ပြ ပါမေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်ခင်ဗျား။ (ဩဘာသံများ)


စက်ရုံနှင့် မြန်အောင်-ကြံခင်းကားလမ်းမကြား စွန့်ပစ်ရေဆိုးများ ပျံ့နှံ့နေပုံ (ဌ)



မြန်အောင်မြို့အနီး ဧရာဝတီမြစ်အတွင်းသို့ ရေဆိုးများ Treatment မလုပ်၊ မသန့်စင်ဘဲ တိုက်ရိုက်စွန့်ပစ်နေပုံ (၄-၁)



ရောင်နီအရက်ချက်စက်ရုံနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု အချက်အလက်ကွာခြားချက်ပုံ (၄-၂)



**စွန့်ပစ်ရေသန့်စင်ခြင်းနည်းပညာပိုင်းဆိုင်ရာလုပ်ဆောင်ချက်များ**

LEASAR Biogas နှင့် စွန့်ပစ်ရေသန့်စင်မည့်စနစ်တွင် သန့်စင်မည့်စွန့်ပစ်ရေဆိုင်ရာ အချက်အလက် များမှာ အောက်ပါအတိုင်း ဖြစ်သည်။

| | | |
|---|---|---|
| Flow | - | 1000m³/day |
| COD | - | 25000-45000 mg/L |
| BOD (Assumed) | - | 15000-25000 mg/L |
| SO4 | - | 4000 mg/L |
| pH | - | 3.7 |
| TSS | - | 4000 mg/L |
| Temperature | - | 70°C |

စွန့်ပစ်ရေသန့်စင်ပြီးထွက်ရှိနိုင်သည့် စွန့်ပစ်ရေဆိုင်ရာအချက်အလက်များ

| | | |
|---|---|---|
| COD | - | 300 mg/L |
| BOD | - | 100 mg/L |
| TSS | - | 150 mg/L |
| Ph | - | > 7.0 |
| Biogas | - | 0.45 ± 5 % m³/Kg COD removed |
| | | At 55 – 60 % methane. |
| Biogas | - | Approx. 39487 m³/day at design load |

စွန့်ပစ်ရည်သန့်စင်မည့်ပုံအဆင့်ဆင့်

□ အနည်စစ်ခြင်း

၅၀

**၂၃.၁.၈ ဘီယာနှင့် အရက်ချက်လုပ်ငန်း (Breweries and Distilleries)[63]**

ကုန်ကြမ်းပစ္စည်းများ သိုလှောင်ခြင်းမှ ကုန်ချောပစ္စည်း ပေးပို့ခြင်းအထိ ဘီယာ၊ ဝိုင်နှင့် အရက် ထုတ်လုပ်ခြင်း လုပ်ငန်းများတွင် ဤလမ်းညွှန်ချက်များကို လိုက်နာရမည်။ မုယောစပါး အခြေခံ ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် အရိုးရည်ထုတ်လုပ်ခြင်းလုပ်ငန်းများ အကျုံးမဝင်ပါ။ ဤလုပ်ငန်းကဏ္ဍအတွက် စွန့်ထုတ်အရည် အဆင့်သတ်မှတ်ချက်များမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်သည်-

စွန့်ထုတ်အရည်အဆင့်သတ်မှတ်ချက်များ (Effluent Levels)

| Parameter | Unit | Guideline Value |
|---|---|---|
| 5-day Biochemical oxygen demand | mg/l | 50 |
| Active ingredients / Antibiotics | To be determined on a case specific basis | |
| Chemical oxygen demand | mg/l | 250 |
| Oil and grease | mg/l | 10 |
| pH | S.U.[a] | 6-9 |
| Temperature increase | °C | <3[b] |
| Total coliform bacteria | 100 ml | 400 |
| Total nitrogen | mg/l | 10 |
| Total phosphorus | mg/l | 2 |
| Total suspended solids | mg/l | 50 |

[a] Standard unit

[b] At the edge of a scientifically established mixing zone which takes into account ambient water quality, receiving water use, potential receptors and assimilative capacity; when the zone is not defined, use 100 meters from the point of discharge

[63] Environmental, health, and safety guidelines for breweries. 2007. International Finance Corporation, World Bank Group

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၇။**

**ဦးခင်မောင်ချို (ပြည်ထောင်စုဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)**။ ။ အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို ဖြစ်ပါတယ်။ ကျွန်တော် ရှင်းလင်းဖြေကြားချက်များကို Power Point ဖြင့်တင်ပြသွားပါမယ်။ တင်ပြခွင့်ပြုပါ။ ယခု အစည်းအဝေးမှာ ဧရာဝတီတိုင်းဒေသကြီး၊ အမှတ်(၅)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်အုန်း ၏ ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်၊ မြစ်ကျိုးအုပ်စု၊ ရေရှားကျေးရွာနှင့် မာလကာကုန်းကျေးရွာကြား ကားလမ်းဘေးရှိ ရောင်နီအရက်ချက်စက်ရုံမှ စွန့်ပစ်ရေဆိုးများကို ဆင်ကျုံးချောင်းအတွင်းသို့ စည်းကမ်းမဲ့စွန့်ပစ်နေခြင်း၊ စက်ရုံအနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများအား ဆိုးကျိုးများသက်ရောက်နေခြင်း၊ အရည်အသွေးစိစစ်ခြင်းမရှိသော စက်ရုံထုတ်အရက်များကို ဖြန့်ဖြူးရောင်းချနေခြင်းနှင့် စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်ပြီး စက်မှုဝန်ကြီးဌာနက ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ မြန်အောင်မြို့နယ်ရှိ ရောင်နီအရက်ချက်စက်ရုံဟာ မြစ်ကျိုးအုပ်စု၊ ရေရှားကျေးရွာနဲ့ မာလကာကုန်းကျေးရွာကြား ကြံခင်း-မြန်အောင် ကားလမ်းဘေးတွင်တည်ရှိပြီး အကျယ်အဝန်း(၂.၅၅)ဧကခန့် ရှိပါတယ်။ ယခု တင်ပြပါပုံကတော့ စက်ရုံတည်ရှိတဲ့ ကောင်းကင်ဓာတ်ပုံဖြစ်ပါတယ်။

အရက်ချက်စက်ရုံအဖြစ် ဆောက်လုပ်ခွင့် D-1 လိုင်စင်ကို ၁၉၉၀ ခုနှစ်မှ စတင်၍ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခွင့်ပြုမိန့်ပေးပြီး နှစ်စဉ်လိုင်စင်သက်တမ်းတိုးလဲလှယ်ခဲ့ရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ယစ်မျိုးအစီအစဉ်မှ ခွင့်ပြုထားပြီးဖြစ်ပါတယ်။ စက်ရုံမှ ပီလောပီနံအား ကုန်ကြမ်းအဖြစ်အသုံးပြု၍ တစ်ရက်လျှင် အရက်ဆီ OP(၁၅၀၀)ဂါလန် ထုတ်လုပ်လျက်ရှိနေပါတယ်။ စက်ရုံတွင် အလျားကျွတ်ဘွိုင်လာ (၂)လုံး၊ ကောနစ်ဘွိုင်လာ (၁)လုံး၊ ထရမ်စဖော်မာ(၂)လုံး၊ အရက်ချက်ကော်လံ (၃)ကော်လံစနစ် (၂)စုံ တပ်ဆင်ထားရှိပြီး စိမ်ရေကန် (၄)ကန်၊ စိမ်ရေအထွက်ရေကန်(၄)ကန်၊ မျိုးကန်(၂)ကန်၊ အချိုရေရောစပ်ကန်(၃)ကန်၊ အချိုရေနှပ်ကန်+အအေးချကန်(၃)ကန်၊ ပေါင်းကန်အတွက် ရေကန်(၃)ကန် တည်ဆောက်ထားရှိပါတယ်။ အရက်ချက် စက်ရုံများရဲ့ အရက်ပေါင်းကန် ထုတ်လုပ်ပုံနည်းစနစ်ကို အကျဉ်းချုံးတင်ပြပါမယ်။ ယခု တင်ပြပါပုံစံကတော့ Distillation Process ဖြစ်ပါတယ်။ အရက်ကိုပေါင်းခံတဲ့နည်းစနစ်နဲ့ ထုတ်လုပ်ခြင်းဖြစ်ပြီးတော့ အရက်ချက်ထုတ်လုပ်ရန်အတွက် ဆန်ကွဲ၊ ပီလောပီနံ အစရှိတဲ့ ကုန်ကြမ်းများကို Biological Fermentation နည်းဖြင့် ရိစ် ခေါ်တဲ့ တဆေးနဲ့ ဘက်တီးရီးယားများကို အသုံးပြုပြီးတော့ ကစော်ဖောက်ခြင်းကို ရှေးဦးစွာ ပြုလုပ်ရပါတယ်။

ထိုသို့ ကစော်ဖောက်ပြီးသား စိမ်ရည်များကို အဖတ်များဖယ်ထုတ်ပြီးတော့ Displation Cover သို့ ပို့၍ အငွေ့ပျံစေခြင်းဖြင့် Alcohol ခေါ်တဲ့ အရက်ကိုချက်လုပ်ရပါတယ်။ အဖတ်များကို ဖယ်ထုတ်ပြီး စိမ်ရေကန်(၁၀၀)မှာ အရက်အများဆုံးထွက်ရှိမှုဟာ (၇)ဂါလန်ခန့်သာ ရရှိနိုင်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ တစ်ခုတင်ပြရရင် ကျွန်တော်တို့ Alcohol ခေါ်တဲ့ အရက်ဟာ Chemical Test of Ethyl Alcohol $C_2H_5OH$ ဖြစ်ပါတယ်။ ဒီ Chemical ဖွဲ့စည်းပုံအရ ဘက်တီးရီးယား များမှာ ကာဗွန်နဲ့ ဟိုက်ဒရိုဂျင်တွဲဖက်နေတဲ့ Suplite Change ကို တွဲဖက်နေတဲ့ချိန်းကို စားသောက် ဖျက်ဆီးပစ်လိုက်ပြီးတော့ ဖွဲ့စည်းပုံအသစ်အဖြင့် Alcohol အီသိုင်းအယ်လ်ကိုဟောအဖြစ် $C_2H_5$ အဖြစ်သို့ ပြောင်းလဲခြင်း ဖြစ်ပါတယ်။ $C_2H_5OH$ ဟာ သောက်သုံး၍ အန္တရာယ်မရှိသော်လည်း မက်သနောခေါ်တဲ့ $CH_3$ OH ကတော့ လူတွေသောက်သုံးရန်မသင့်တဲ့ အန္တရာယ်ရှိသော ဓာတ်ပေါင်း ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အရက်ဂါလန် (၁၅၀၀)ဂါလန် ရရှိဖို့အတွက် စိမ်ရည်(၂၁၅၀၀)ဂါလန် လိုအပ်ပါတယ်။

၎င်း စိမ်ရေ(၂၁၅၀၀)ဂါလန်မှ အရက်(၁၅၀၀)ဂါလန်ကို ဖယ်ထုတ်လိုက်ပါလျှင် တစ်ရက် လျှင် စပန့်စိမ်ရည် ဂါလန်(၂၀၀၀၀)ခန့် ထွက်ရှိနေပါတယ်။ သို့သော်စိမ်ရေစပန့်များမှ ဂါလန် (၁၀၀၀၀)ခန့် ကို Recycle အဖြစ် ပြန်လည်အသုံးပြုနိုင်သဖြင့် ကျန်စိမ်ရည်(၁၀၀၀၀)ခန့်ဟာ ရေဆိုးသန့်စင်စေသည့် နည်းလမ်းများအသုံးပြု၍ စွန့်ပစ်ရန် လိုအပ်ပါတယ်။ ယခု တင်ပြပါစက်ရုံမှာ ပတ်ဝန်းကျင်ညစ်ညမ်း စေတဲ့ကိစ္စကတော့ ဒီရေဆိုးတွေကို နည်းမှန်လမ်းမှန် မစွန့်ပစ်နိုင်တဲ့အတွက် ပြဿနာအများဆုံး ဖြစ်ပေါ်နေခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ စက်မှုဝန်ကြီးဌာနရဲ့ ပူးပေါင်းပါဝင်မှုနဲ့ ကျွန်တော်တို့ စက်မှုကြီးကြပ်ရေးနှင့် စက်ရုံစစ်ဆေးရေးဌာနမှ ဒီကိစ္စကို အသေးစိတ် စစ်ဆေးခဲ့ပါ တယ်။ စစ်ဆေး တွေ့ရှိချက်များကိုဆက်လက်တင်ပြပါမယ်။ ယခု အရက်ချက်စက်ရုံမှာ တပ်ဆင်ထား တဲ့ Lars Enviro ကုမ္ပဏီမှနည်းစဥ်များမှာ An-Aerobic System ဖြစ်သဖြင့် ရေဆိုးစပန့်စိမ်ရည်တွင် ပါဝင်သောအနံ့ အသက်နှင့် ပတ်ဝန်းကျင်ထိခိုက်စေနိုင်သော BOD, COD များကိုဖယ်ထုတ် နိုင်မည်ဖြစ်ပါတယ်။ ကျွန်တော်တို့ BOD, COD ဆိုတာကတော့ အများသိကြတဲ့အတိုင်း Biological Oxygen Demand နဲ့ Chemical Oxygen Demand ပဲ ဖြစ်ပါတယ်။

ဒီဟာတွေကို စနစ်တကျဖယ်ထုတ်နိုင်မယ်ဆိုလို့ရှိရင် ပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိပါဘူး။ ဒါကိုစနစ်တကျ မကိုင်တွယ်၊ မဖြေရှင်းခဲ့တဲ့အတွက် ယခင်က မှားယွင်းမှုရှိခဲ့ပါတယ်။ ဒီမှားယွင်းမှုကို လည်းပြေပျောက်ဖို့အတွက် ပြုပြင်ခိုင်းထားပြီးဖြစ်ပါတယ်။ ဆက်လက်ပြီးတော့ တင်ပြပါမယ်။ သို့ရာတွင် ယခု တပ်ဆင်ထားသော (An-Aerobic System Capacity)မှ ထွက်ရှိလာသော Spent ရေဆိုးများကို လုံလောက်အောင် တပ်ဆင်ပေးနိုင်မယ့် ပမာဏရှိဖို့ လွန်စွာအရေးကြီးပါတယ်။ ထွက်ရှိ လာတဲ့ရေဆိုးစပန့်(Spent) များဟာ ပမာဏများပြားပြီးတော့ အပြည့်အဝ ချေဖျက်နိုင်စွမ်းမရှိပါက ထွက်ရှိ လာတဲ့ အက်ဖရန့်ခေါ်တဲ့ အညစ်အကြေးများမှာ အခြားမလိုလားအပ်သော Waste များပါ သွားနိုင်သည်ကို အထူးဂရုပြုရန် လိုအပ်ပါတယ်။ ဒီကိစ္စအတွက် ကျွန်တော်တို့ ဧရာဝတီတိုင်း ကိုသွား ပြီးတော့ အသေးစိတ် စစ်ဆေးခဲ့တဲ့အခါမှာ စက်ရုံက အသုံးပြုနေတာဟာ ပီလောပီနံ ကုန်ကြမ်းများ အဖြစ် အသုံးပြုပြီးတော့ တစ်ရက်လျှင် အရက်ဆီ OP (၁၅၀၀) ထုတ်လျက်ရှိပါတယ်။ စက်ရုံရဲ့

တည်ဆောက်ပုံ ကလည်း ခုနတင်ပြပါအတိုင်း အဆင့်ဆင့် Process တွေအတိုင်း စနစ်တကျ သွားထား တာ တွေ့ရှိရပါတယ်။

နောက်တစ်ဖန် တင်ပြရရင် ဒီစက်ရုံမှာ ထွက်ရှိလာတဲ့ ရေဆိုးများကို မည်ကဲ့သို့ စနစ်ကကျ စွန့်ပစ်မည်ဆိုတာကို စက်မှုဝန်ကြီးဌာနက အသေးစိတ် လေ့လာစစ်ဆေးပြီးတော့ အဖွဲ့လိုက် သုံးသပ်ချက် ဖော်ပြပြီး မှတ်တမ်းတင်ပြီးတော့ ပြုပြင်မှုတွေ လုပ်ခိုင်းပါတယ်။ လုပ်ခိုင်းတဲ့အခါမှာ ကျွန်တော်တို့ ဆက်လက်တင်ပြရရင် အရက်ချက်စက်ရုံများရဲ့ အရက်ပေါင်းခံ ထုတ်လုပ်ပုံ နည်းစနစ်အရ စက်ရုံ အနောက်ဘက်မှာရှိတဲ့ စက်ရုံပိုင်မြေအတွင်းမှာရှိတဲ့ အကျယ်(၃)၊ အနက်(၂)၊ ပေ(၃၀၀)ပေရှည်သော ရိုးချောင်းထိ ဖြတ်သန်းစီးဆင်းလျက်ရှိနေပါတယ်။ အဲဒီရိုးထဲကို ကျွန်တော်တို့ ၂၀၁၆ ခုနှစ်၊ မေလ နောက်ဆုံးပတ်အတွင်းမှာ မိုးအဆက်မပြတ်ရွာသွန်းခြင်း၊ စက်ရုံမှ ကြိတ်ဖတ်သန့်စင်စက် (Decander) ပျက်စီးသွားခြင်း၊ စွန့်ပစ်ရေကန်ရှိ ပန့်နှင့်မော်တာများ ချို့ယွင်းသွားခြင်းတို့ တစ်ပြိုင်နက် ဖြစ်ပွားခြင်း တို့ကြောင့် စွန့်ပစ်ကန် လျှံကျမှု ဖြစ်ပေါ်ခဲ့သဖြင့် စွန့်ပစ်ရေနဲ့ အဖတ်များဟာ စက်ရုံအတွင်းသို့ ဖြတ်သန်းစီးဆင်းနေသော ရိုးချောင်းအတွင်းသို့ ရောက်ရှိပြီး စက်ရုံပြင်ပကို ရောက်ရှိသွားခဲ့ပါတယ်။ ပတ်ဝန်းကျင်ကိုလည်း အများကြီး ထိခိုက်သွားခဲ့ပါတယ်။ ယခင်က အရက်စက်ရုံမှ ထွက်ရှိသော စွန့်ပစ်ရေများအား အအေးချက်ကန်(၁)နှင့် (၂)တွင် အအေးခံခြင်း၊ ထို့နောက် အနံ့ဆိုး ဖမ်းကန်တွင် အနံ့သတ်ခြင်း၊ ထုံးရောကန်တွင် အနည်ထိုင်စေခြင်း၊ သဲ ၊ စက်ဖွဲပြာ၊ အုတ်တို့ဖြင့် ပြုလုပ်ထားသော ရေစစ်ကန်တွင် အနည်စစ်ခြင်း၊ ထပ်မံ၍ ထုံးရော အနည်စစ်ကန်တွင် အနည်ထိုင် သန့်စင်စေခြင်း လုပ်ငန်းများ အဆင့်ဆင့် ဆောင်ရွက်ပြီး အနည်စစ် မြောင်းမှတစ်ဆင့် ပေ(၁၀၀၀)ခန့် အကွာအဝေးမှာ ရှိသော ဧရာဝတီမြစ်အတွင်းသို့ PVC ပိုက်များဖြင့် စွန့်ပစ်ခဲ့ပါတယ်။ ဒီစွန့်ပစ်ခြင်းလုပ်ငန်းဟာလည်း နည်းစနစ် မမှန်တဲ့အတွက် အင်မတန် အန္တရာယ်များခဲ့ပါတယ်။ အဲဒါကိုလည်း ကျွန်တော်တို့ စစ်ဆေး ရေးအဖွဲ့မှ ချက်ချင်းရပ်ခိုင်းပြီးတော့ ပြန်လည်ပြုပြင်လျက် ရှိနေပါတယ်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ စက်မှု၊ လျှပ်စစ်၊ ဆောက်လုပ်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ တိုင်းဒေသကြီးစက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူး၊ ဟင်္သာတခရိုင် အုပ်ချုပ်ရေးမှူး၊ မြန်အောင်အုပ်ချုပ်ရေးမှူးနဲ့ ပြင်ပပညာရှင်အဖွဲ့ (Third Party) ဖြစ်တဲ့ ရန်ကုန်မြို့အခြေစိုက် EKTA (Enviro-Klean Techno Associates) သဘာဝပတ်ဝန်းကျင် ပညာရှင်အဖွဲ့တို့ဖြင့် ၂၀၁၆ ခုနှစ်၊ ဇွန်လအတွင်း ရောင်နီအရက်ချက်စက်ရုံအား သွားရောက်စစ်ဆေး ခဲ့ပြီးတော့ လိုအပ်ချက်များကို ပြင်ဆင်ဆောင်ရွက်ရန် ညွှန်ကြားခဲ့ရာ စက်ရုံအနေဖြင့် စွန့်ပစ်ရည်များ ပြင်ပသို့မထွက်ရှိစေရေး စီမံချက်နှင့်စွန့်ပစ်ရည်သန့်စင်မှုစနစ် အကောင်အထည်ဖော်မှု လုပ်ငန်းစဉ် များကို ယခုအခါ ဆက်လက်ဖော်ပြပါအတိုင်း စီမံဆောင်ရွက်ထားပါကြောင်းတွေ့ရှိရပါတယ်။ အအေးခံ ပြီးနောက် စွန့်ပစ်ရေများ ပြင်ပသို့မထွက်ရှိစေရေးနှင့် စွန့်ပစ်ရေသန့်စင်မှုလုပ်ငန်းစဉ်များကို ဆက်လက် ဖော်ပြပါမယ်။

လက်ရှိအသုံးပြုနေသော ပေ(၈၀)ပတ်လည်နှင့် အမြင့် (၆)ပေ ရှိ စွန့်ပစ်ကန် အဟောင်းကို နွံနှင့်အနည်များ ဆယ်ယူ၍ မြေသားဘောင် (၂)ပေ မြင့်တင်ရေးလုပ်ငန်း ဆောင်ရွက်ထားခြင်း၊ စွန့်ပစ်ကန်လျှံကျမှု မဖြစ်ပေါ်စေရေးနှင့် ကန်လုံလောက်ရေးအတွက် (၅၀)ပေ ပတ်လည်နှင့် အမြင့် (၁၂)ပေရှိ စွန့်ပစ်ကန်အသစ် (၂)ကန် သဘာဝနည်းဖြင့် အနည်ထိုင် သန့်စင်ရန် စွန့်ပစ်ကန် (၁၁)ကန်

တူးဖော်ထားခြင်း စက်ရုံ၏ စွန့်ပစ်ရည်၊ စွန့်ပစ်ဖတ်များ အပါအဝင် အခြားတစ်စုံတစ်ရာ ပစ္စည်းများ ကျရောက်မှု မရှိစေရန်အတွက် စက်ရုံအတွင်းမှ စီးဆင်းနေသော ချောင်းရိုးအား ပိတ်၍ စက်ရုံပိုင်မြေမှ အကျယ်(၁၀)ပေ၊ အနက်(၆)ပေ၊ အလျား(၂၈၀)ပေ ခန့်ရှိ ရေလွှဲမြောင်းအသစ် ဖောက်လုပ်၍ စက်ရုံအတွင်း ဖြတ်သန်းစီးဆင်းမှု မရှိအောင် ဆောင်ရွက်ထားခြင်း၊ စွန့်ပစ်ကန်အတွင်းသို့ မိုးရေများ ဝင်ရောက်ခြင်း မရှိစေရန် အမိုးများ ဆောင်ရွက်ထားရှိပြီး ချောင်းရိုးအတွင်း မျောပါသွားခဲ့သော စွန့်ပစ်ရည်အဖတ်များကိုလည်း ရှင်းလင်းထားပြီးဖြစ်ခြင်း၊ အနံ့အသက်ဆိုးများ ကင်းစင်စေရေးနှင့် အရက်ချက် စက်ရုံမှထွက်ရှိလာသော စွန့်ပစ်ရည်သန့်စင်ခြင်းလုပ်ငန်းများ ပိုမိုထိရောက်မှုရှိစေရေးတို့ အတွက် အိန္ဒိယနိုင်ငံ Lars Enviro Private Limited ထံမှ လုပ်ငန်းအပ်နှံ စာချုပ်ချုပ်ဆိုပြီး အိန္ဒိယနိုင်ငံမှ ပညာရှင်များ ဦးဆောင်၍ အနည်စစ်ခြင်း၊ အအေးခံခြင်း၊ အနည်ထိုင်ခြင်း၊ ချိန်ညှိခြင်း၊ ဇီဝပိုးမွေးမြူခြင်း၊ Biogas သိုလှောင်ခြင်း၊ အရည်အငွေ့ ခွဲထုတ်ခြင်း၊ အရည်နှင့် ဇီဝမျိုး ခွဲထုတ်ခြင်း၊ သဘာဝနည်းစဉ်အတိုင်း အနည်ထိုင်စေခြင်းစသည့် စက်ရုံ၏ စွန့်ပစ်ရည်သန့်စင်ခြင်း နည်းပညာ ပိုင်းဆိုင်ရာလုပ်ငန်းစဉ် (၉)ဆင့်ပါဝင်သော Water Treatment System ကို ဆောင်ရွက်လျက် ရှိနေတာ တွေ့ရှိရပါတယ်။ စွန့်ပစ်ရည်များကို ဧရာဝတီမြစ်အတွင်းသို့ PVC ပိုက်များဖြင့် ယခင်က စွန့်ထုတ်ခဲ့သော်လည်း၊ ယခုအခါ မြစ်အတွင်းသို့ စွန့်ပစ်ခြင်း မပြုလုပ်တော့ဘဲ သဘာဝနည်းစဉ် အတိုင်း အနည်ထိုင်စွန့်ပစ်မည်ဖြစ်သဖြင့် ပိုက်လိုင်းများကို ဖြုတ်သိမ်းထားရှိပြီးဖြစ်ကြောင်း တွေ့ရှိရ ပါတယ်။

ကျောက်မီးသွေး သုံးစွဲခြင်းမပြုရန်နှင့် ပြာများ မပျံ့လွင့်စေရန်ကိစ္စနှင့်ပတ်သက်၍ ဧရာဝတီ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးဦးဆောင်သည့်အဖွဲ့မှ စစ်ဆေးပြီးသည့်နောက် ကျောက်မီးသွေးသုံး ဘွိုင်လာအားပြောင်းရွှေ့ရန် ညွှန်ကြားသဖြင့် လက်ရှိအခြေအနေတွင် ကျောက်မီးသွေးခွဲစက်များ ဖျက်သိမ်းဆောင်ရွက်လျက်ရှိပြီး ကျောက်မီးသွေးသုံးစွဲမှု မရှိသည့် အိန္ဒိယနိုင်ငံမှ ထုတ်လုပ်သည့် စပါးခွံသုံး အဆင့်မြင့် ဘွိုင်လာအမျိုးအစားများကို မှာယူ၍ (၁၆)တန်၊ (၄)တန်၊ (၃)တန် Horizontal ကျွတ်ဘွိုင်လာများ တစ်လှည့်စီ အသုံးပြုပြီး ပြာဖမ်းစနစ် ကောင်းမွန်စေရန်အတွက် ဆိုင်ကလုံးပြာဖမ်းစက် (Cyclone Dust Collector)နှင့် ပြာဖမ်းရေကန်များကိုပါ တပ်ဆင်ထားရှိပြီး ဖွဲမှုန့်၊ ပြာမှုန့်နှင့် မီးခိုး ထွက်ရှိမှု များကို ထိန်းချုပ်ထားရှိပြီး ဖြစ်ပါတယ်။

ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် အရက်ချက်စက်ရုံများမှ ထုတ်လုပ်သော အရက်များတွင် လူကို အန္တရာယ်ဖြစ်စေနိုင်သော ဓာတုပစ္စည်းများ ပါဝင်ခြင်းရှိ/ မရှိ ၊ သောက်သုံးရန် သင့်/ မသင့် ကို ဓာတုဗေဒဝန်ရုံးသို့ နှစ်စဉ်ပေးပို့ စစ်ဆေးလျက်ရှိသဖြင့် ၂၀၁၅-၂၀၁၆ ခု ၊ ဘဏ္ဍာရေးနှစ်တွင် ရောင်နီ အချက်စက်ရုံမှ ထွက်ရှိသော အရက်နမူနာများကို ပေးပို့စစ်ဆေးခဲ့ရာ အရက်ပါဝင်မှု (၃၀.၆၆) ရာခိုင်နှုန်း ရှိပြီး လူကို အန္တရာယ်ဖြစ်စေတတ်သည့် Methanol, Fusel Oil နှင့် ပိုးသတ်ဆေးများ ပါဝင်မှု မရှိကြောင်း တွေ့ရှိရပါတယ်။ ယခု ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်တွင်လည်း ၎င်းစက်ရုံမှ ထွက်ရှိ သော အရက်နမူနာများကို ဓာတုဗေဒဝန်ရုံးသို့ ပေးပို့စစ်ဆေးမှုများ ခံယူလျက်ရှိပြီး စစ်ဆေးချက်များ အရ လူကို အန္တရာယ်ဖြစ်စေတတ်သော ဓာတုပစ္စည်းများ ပါဝင်ခြင်း မရှိမှသာလျှင် ဖြန့်ဖြူးရောင်းချ ခွင့်ပြုရမှာ ဖြစ်ပါတယ်။ ရောင်နီအရက်ချက်စက်ရုံနှင့် ပတ်သက်၍ ဧရာဝတီတိုင်းဒေသကြီး အစိုးရ အဖွဲ့၊ တိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စက်မှုစစ်ဆေးရေး ဦးစီးဌာန ဟင်္သာတခရိုင် အထွေထွေ

အုပ်ချုပ်ရေးမှူးရုံးတို့မှလည်း မြန်အောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတို့နှင့် ပြင်ဆင်ဆောင်ရွက်ပေးရန် ညွှန်ကြားထားသည့်အတိုင်း လုပ်ငန်းများ ဆောင်ရွက်ခြင်း ရှိ/မရှိနှင့် ရောင်နီအရက်ချက် စက်ရုံအနေဖြင့်လည်း လိုက်နာဆောင်ရွက်ခြင်း ရှိ/မရှိကို စောင့်ကြပ်ကြည့်လျက်ရှိနေပါတယ်။ စက်ရုံလည်ပတ်မှုကိုလည်း ၂၁-၇-၂၀၁၆ ရက်နေ့မှစ၍ ပြုပြင်ဆောင်ရွက်မှုများ မပြီးမချင်း၊ Water Treatment System ပြုပြင်ဆောင်ရွက်မှု မပြီးမချင်း စမ်းသပ်လည်ပတ်၍ ထွက်ရှိလာသည့် အရက်များသည်လည်း အန္တရာယ်ရှိသည်ဟု သတ်မှတ်ချက် ကင်းလွတ်မှသာလျှင် ခွင့်ပြုမည်ဖြစ်ကြောင်း ယခု လတ်တလောတွင် ခေတ္တပိတ်ထားရန်ဖြစ်ကြောင်း အကြောင်းကြားပြီး ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တာဝန်ရှိသူများအနေဖြင့် ရောင်နီအရက်ချက်စက်ရုံ၏ ပြင်ဆင်ဆောင်ရွက်နေမှုလုပ်ငန်းများ ပြီးဆုံးချိန်တွင် ထပ်မံ သွားရောက်စစ်ဆေးမှာဖြစ်ပြီး စံချိန်စံညွှန်းနှင့်ကိုက်ညီမှုမရှိကြောင်း စစ်ဆေးတွေ့ရှိရပါက ပြည်ထဲရေးဝန်ကြီးဌာနနှင့်ပေါင်းစပ်ညှိနှိုင်း၍ စက်ရုံအား ပိတ်သိမ်းနိုင်ရေးအထိ ဆောင်ရွက်ရမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်၍ တင်ပြရလို့ရှိရင် ဒီစက်ရုံကို ပြန်လည်လည်ပတ်တဲ့အခါမှာ ထွက်ရှိလာမယ့်အရက်များဟာ သတ်မှတ်စံချိန်စံညွှန်းနဲ့ ကိုက်ညီမှု ရှိ/ မရှိ၊ အန္တရာယ် ကင်း/ မကင်း BOD၊ COD စတဲ့ အချက်အလက်များကိုလည်း သတ်မှတ်ချက်များနဲ့ ညီညွတ်မှု မရှိလျှင် စက်ရုံကို ပိတ်ထားမှာဖြစ်ပြီးတော့ Waste များကို ထိန်းသိမ်းထားသော အနည်စစ်ကန်များကိုလည်း တစ်ပါတည်း သူ့သက်ဆိုင်ရာ နေရာမှာ တည်ဆောက်ထားရှိမှု၊ နေရာချထားမှုကလည်း စနစ်ကျနမှု ရှိ/မရှိနှင့်ထပ်မံ၍နောက်ဆက်တွဲ ဆိုးကျိုးများ၊ ဖြစ်ရပ်များ မပေါ်ပေါက်ရလေအောင် Chemical Process တွေ ဖြစ်တဲ့အတွက် ပတ်ဝန်းကျင်ကို မလိုလားသော အန္တရာယ်များ မပေးနိုင်အောင် အသေးစိတ်အဆင့်များခွဲခြား၍ တစ်ဆင့်ပြီးတစ်ဆင့်စစ်သွားမှာဖြစ်ပါတယ်။ ဒီလိုစိစစ်ဖို့ကိုလည်း စက်မှုဝန်ကြီးဌာနတစ်ခုတည်းနဲ့ လုပ်မှာမဟုတ်ဘဲနဲ့၊ သက်ဆိုင်ရာဝန်ကြီးဌာနများနဲ့ အချင်းချင်းပေါင်းစပ် ညှိနှိုင်းပြီးတော့ ပြည်ပမှပညာရှင်များ၊ ပြင်ပမှ မြန်မာပြည်တွင်းရှိ ပညာရှင်များ၊ ကျွမ်းကျင်သူများနဲ့ အားလုံးပေါင်းစပ်ပြီးတော့ ပြည်သူလူထုအတွက် အန္တရာယ်ကင်းရှင်းသော အရက်များ ထွက်လာမှသာလျှင် ဒီစက်ရုံကို ဆက်လက်ပြီးတော့ လည်ပတ်ခွင့်ပြုမှာဖြစ်ပါကြောင်း ဖြေကြားရှင်းလင်းအပ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အတိုချုပ်ပဲ မေးပါ။

**ဦးမောင်မောင်အုန်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၅)**။ ။ ဟုတ်ကဲ့ခင်ဗျ။ ယခုမေးခွန်းကို ဖွန်လ ၂ ရက်နေ့က ကျွန်တော်တင်ခဲ့ပြီးတော့ ဧရာဝတီတိုင်းဒေသကြီးမှ စက်ရုံကို စစ်ဆေးခဲ့ကြောင်း သိရပါတယ်။ ဒေသအစိုးရအဖွဲ့အစည်းများနဲ့ ပါတီပုဂ္ဂိုလ်များအချို့ကိုလည်း သက်သေအဖြစ် ခေါ်ပြီးတော့ စွန့်ထုတ်ရေဆိုးတွေကို ပြုပြင်ကာ PH 6.5 ရအောင်လုပ်ထားမယ်လို့ သူတို့ ပြောပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ စက်ရုံတစ်ရုံကို ကျွန်တော်တို့ PH Control တစ်ခုတည်းနဲ့တော့မရပါဘူး။ သူတို့က အခွန်နစ်နာမယ့်အကြောင်းလည်း သူတို့ပြောပြီးတော့ ကျွန်တော်တို့ ပြည်သူတွေကို ကျွန်တော်တို့ ပြောတဲ့အခါမှာ ပြည်သူတွေက သူတို့မျှော်လင့်တဲ့ EIA, SIA, HIA ဆိုတဲ့

သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှု၊ လူမှုပတ်ဝန်း ကျင်ထိခိုက်မှု၊ ကျန်းမာရေးထိခိုက်မှု ဒါနဲ့ပတ်သက်တဲ့ အစီရင်ခံစာတွေကို သူတို့ ကြည့်လိုပါတယ်။ သိလိုပါတယ် ဆိုတာကို တောင်းဆိုပါတယ်။

ဒီစီမံချက်မှာ ဘာတွေပါရမလဲဆိုတော့ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး ထုတ်လုပ်မှု၊ လမ်းညွှန်ချက်များ အမိန့်ကြော်ငြာစာအမှတ် ၆၁၅/၆၁၆ ၊ ၂၀၁၅ ခုနှစ်က ကျွန်တော်တို့ စောစောက ကျွန်တော်တို့ ပြည်ထောင်စုဝန်ကြီးပြောတဲ့ BOD, COD, ESS နောက် Total Coliform Bacteria စတဲ့ အချက်အလက်တွေဟာ ကျွန်တော်တို့ရဲ့ ဒီမှာ ခုနကပြောပြထားတဲ့ ထုတ်ထားတဲ့ အချက်တွေနဲ့ ကွာခြားတာကို တွေ့နေရပါတယ်။ နောက် အနံ့ဆိုးများ ပျောက်အောင် လုပ်နေတဲ့ ဓာတုပစ္စည်းတွေ၊ PH 3.7 ကနေ 7 အထိရောက်အောင်လုပ်တဲ့ Treatment လုပ်တဲ့ပစ္စည်းတွေ၊ နောက်စက်ရုံအတွင်းသုံးတဲ့ ဓာတုပစ္စည်းတွေကိုလည်း မည်သည့်နိုင်ငံ၊ မည်သည့်အဖွဲ့အစည်း၊ ပြည်တွင်းပြည်ပမှ အဖွဲ့အစည်းတွေက ဘေးအန္တရာယ်ကင်းရှင်းကြောင်း ဓာတ်ခွဲခန်း အဖြေလည်း ကျွန်တော်တို့ လိုချင်ပါတယ်လို့ ပြည်သူတွေက တောင်းဆိုပါတယ်။

နောက် စက်ရုံမှာ ထုတ်လုပ်တဲ့ Emulsion နဲ့ ပတ်သက်လို့ကတော့ ခုနကတုန်းက ကျွန်တော်တို့ ပြည်ထောင်စုဝန်ကြီးပြောလို့ ကျွန်တော်သဘောပေါက်ပါပြီ။ အထူးသဖြင့် လူမှုဆိုင်ရာ နစ်နာမှုများဖြစ်အောင်၊ စက်ရုံရဲ့ ဘေးအန္တရာယ်ကင်းရှင်းမှုဆိုင်ရာ အစီအမံများဖြစ်တဲ့ Safety at word, safe working practice training, personal protechive equipment စတဲ့ ကျွန်တော်တို့ လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းတဲ့ အစီအမံတွေ၊ စက်ရုံလုပ်ငန်းခွင်မှာ ထောက်ပံ့မှုတွေ ဒါတွေတော့ တွေ့ရတာ အားနည်းပါတယ်။ နောက် အခုနက ကျွန်တော်ပြောတဲ့ ပြည်ထောင်စု ဝန်ကြီးပြောတဲ့ ဘွိုင်လာနဲ့ ပတ်သက်တာ သုံးထားတဲ့ ဘွိုင်လာနဲ့ပတ်သက်တဲ့ Safely test pressure test, Hydraulic Pressure Test ဒါမျိုး ဒါမျိုးတွေဟာလည်း တကယ်လို့စစ်ဆေးပြီးရင် ကျွန်တော်တို့ ပြည်သူတွေဟာ သူတို့ သိလိုတယ်ဆိုတဲ့အကြောင်းကို ပြောပါတယ်။

လေးစားအပ်သောဥက္ကဋ္ဌကြီးခင်ဗျား။ အထက်ပါ ရောင်နီအရက်ချက်စက်ရုံဟာ မြန်မာပြည်မှာ ဒုတိယအကြီးဆုံး လို့လည်း ဆိုပါတယ်။ ဒါ့အပြင် လူသွားလမ်း၊ ကားလမ်းမကြီးမှာရှိခြင်း၊ လူနေရပ်ကွက်များနဲ့ ကပ်လျက်ရှိခြင်း၊ စိုက်ပျိုးမြေလယ်ယာဧရိယာအတွင်း တည်ရှိနေခြင်းကြောင့် မတော်တဆမှုများဖြစ်တဲ့ မီးလောင်ခြင်း၊ အဆိပ်ငွေ့သင့်ခြင်း၊ ဓာတုအဆိပ်သင့်ခြင်းများ၊ ပေါက်ကွဲခြင်းများ ဖြစ်လာနိုင်ပါတယ်။ ဒီလိုဖြစ်လာတဲ့အခါမှာ အနီးနေပြည်သူတွေဟာ ရှောင်ဖို့ပဲအချိန်မရဘဲနဲ့ ဒုက္ခတွေ ရောက်ကြပါလိမ့်မယ်။ ဒါကြောင့်မို့လို့ ပြည်သူများရဲ့ စိုးရိမ်သောကနဲ့ သံသယကို ပြည်ထောင်စု အဆင့်အစိုးရအဖွဲ့မှ သတ်မှတ်ထားသော ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ----

**ဥက္ကဋ္ဌ**။ ။ ရပ်တော့၊ ရပ်ပါတော့။ ပြည်ထောင်စုဝန်ကြီး ဖြေကြားနိုင်လား။ ဖြေကြားနိုင်ရင်လည်း ဆက်ဖြေပါ။

**ဦးခင်မောင်ချို(ပြည်ထောင်စုဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ခုနက မေးခွန်းကို ကျွန်တော် အကျဉ်းချုံး ဖြေကြားခွင့်ပြုပါ။ ကျွန်တော်တို့ စက်မှုဝန်ကြီးဌာနမှာ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဌာန ရှိပါတယ်။ ဒီဌာနဟာ ကျွန်တော်တို့ရဲ့ အနယ်နယ်အရပ်ရပ်မှာ ရုံးခွဲများဖွင့်လှစ်ထားရှိပြီးတော့ အဓိကဆောင်ရွက်တာကတော့

အခုနကဆွေးနွေးချက်ပါ ဘွိုင်လာစစ်ဆေးခြင်းလုပ်ငန်းကို ဦးစားပေးဆောင်ရွက်ပါတယ်။ အလားတူပဲ အခြားအခြားသော ဆက်စပ်လုပ်ငန်းများကို စစ်ဆေးပါတယ်။ စစ်ဆေးတဲ့အခါမှာ ဘွိုင်လာစစ်ဆေးခြင်းဟာ ကျွန်တော်တို့ ယခုမှ စစ်ဆေးတာမဟုတ်ပါဘူး။ လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းက စစ်ဆေးခဲ့တာဖြစ်ပြီးတော့ ဒီစစ်ဆေးတာကိုလည်း ကျွန်တော်တို့ ယခုအချိန်မှာတော့ စနစ်တကျ Inspection sheet များနှင့်တကွ နှစ်စဉ်နှစ်စဉ် ကျွန်တော်တို့ Renew လုပ်ပေးတာဖြစ်ပါတယ်။ စစ်ဆေးတဲ့အခါမှာလည်း စစ်ဆေးပုံစစ်ဆေးနည်း Pressure test သက်ဆိုင်ရာ Technical Check လုပ်တာစသဖြင့် Technical Data အားလုံးကို Inspection မှာ ဖော်ပြထားပြီးဖြစ်ပါတယ်။ ဒီ Certificate တွေကိုလည်း ကျွန်တော်တို့ ပွင့်လင်းမြင်သာစွာ ဝေငှပေးနိုင်ပါတယ်။ ကျွန်တော်တို့ ဒါ လျှို့ဝှက်ထားစရာအကြောင်း မရှိပါဘူး။

နောက်တစ်ချက်က ကျွန်တော် တင်ပြဆွေးနွေးလိုတာက ကျွန်တော်တို့ဆီမှာ ဓာတုဗေဒနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာအဖွဲ့ဆိုတာ ဖွဲ့ထားပြီးထားရှိပါတယ်။ ဒီဘက်မှာလည်း ကျွန်တော်တို့ရဲ့ Labs လိုအပ်ပါတယ်။ ကျွန်တော်တို့မှာလည်း လုံလောက်သော Lab ပါ။ ရှိနေပါပြီ။ Lab ထဲမှာလည်း လုံလောက်သောစက်ကိရိယာများ ထပ်မံဖြည့်သွင်းလျက် ရှိနေပါတယ်။ ဒီ Lab ကနေပြီးတော့ ကျွန်တော်တို့ စနစ်တကျစစ်ဆေးလိုက်လို့ရှိရင် ခုနကမေးခွန်းမှာပါဝင်သော BOD, COD နဲ့ကျန်သော အချက်အလက်များအားလုံးကို အသေးစိတ် ဖြေရှင်းပေးနိုင်မှာ ဖြစ်ပါတယ်။ ဒီလိုဖြစ်တဲ့အတွက် ယခုစက်ရုံကို ပြန်လည် လည်ပတ်ပြီးတဲ့အခါမှာ စမ်းသပ်လည်ပတ်ပြီးလို့ရှိရင် အဖွဲ့လိုက် စစ်ဆေးပြီး တဲ့နောက် ရရှိတဲ့ရလဒ်ကို ကျွန်တော်တို့ ပူးပေါင်းအဖွဲ့နဲ့ပဲ ဖြေရှင်းပြီးတော့ ထွက်လာတဲ့ Report တစ်စောင်ကို အားလုံးပွင့်လင်းမြင်သာအောင် ကျွန်တော်တို့ တင်ပြပေးမှာ ဖြစ်ပါတယ်။ ဒီအတွက် ကိုလည်း ကျွန်တော်တို့ Investigation လုပ်ဖို့အတွက် အချိန် လိုအပ်ပါတယ်။ ကျွန်တော်တို့ ဒီစက်ရုံ ပြန်လည်စမ်းသပ်လည်ပတ်တဲ့အချိန်မှာ အဖွဲ့လိုက်စစ်ဆေးပြီးတော့ Investigate လုပ်လို့ရတဲ့ အဖြေကိုသာလျှင် ကျွန်တော်တို့ ပြည်သူလူထုအားလုံးသိအောင် ပြန်ကြားပေးနိုင်မှာ ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။(သြဘာသံများ)

**အချိန်၊ ၁၀း၄၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ် သုံးဦး မေးမြန်းတဲ့ မေးခွန်းများဟာ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့်မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဘူးသီးတောင်မြို့နယ်၊ စေတီတောင်ရွာ၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကို အခြေခံပညာ အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၈။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်ကျော်ဇံ က ဘူးသီးတောင်မြို့နယ်၊ စေတီတောင်ရွာ၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကို အခြေခံပညာ

အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၉။**

**ဦးမောင်ကျော်ဇံ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များ၊ ကျက်သရေမင်္ဂလာအဖြာဖြာနဲ့ပြည့်စုံကြပါစေကြောင်း၊ ဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ အမျိုးသားလွှတ်တော် အမှတ်(၉) မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမောင်ကျော်ဇံ ဖြစ်ပါတယ် ခင်ဗျား။ ကျွန်တော် မေးမယ့် မေးခွန်းကတော့ ဘူးသီးတောင်မြို့နယ်၊ စေတီတောင်ရွာ၊ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)ကို အခြေခံပညာ အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းတဲ့ မေးခွန်း ဖြစ်ပါတယ်ခင်ဗျား။

ကျွန်တော်တို့ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ်၊ စေတီတောင် တွဲဖက်အထက်တန်းကျောင်း(ခွဲ)ကို ၂၀၀၈ ခုနှစ်မှာ ပညာရေးဝန်ကြီးဌာနက အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အဖြစ် အဆင့်တိုးမြင့်ပေးခဲ့ပါတယ်။ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အထိ ကျောင်းသက်တမ်းမှာ (၇)နှစ်ကြာမြင့်ပြီ ဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ်နဲ့ ၂၀၁၆ ခုနှစ် ကြားကာလများမှာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့နဲ့ ဆရာ၊ ဆရာမများ ပူးပေါင်းပြီး ကျောင်းရဲ့ပညာရည်မြင့်မားရေးကို၊ တိုးတက်ရေးကို ဆောင်ရွက်ခဲ့ရာ တက္ကသိုလ်ဝင်တန်းများကို အောင်ချက်ရာခိုင်နှုန်းကောင်းစွာနဲ့ အောင်မြင်ခဲ့ပါတယ်။ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်မှာ အထက်တန်းကျောင်းသား(၁၈၁)ဦး ပညာသင်ကြားခဲ့ပါတယ်ခင်ဗျား။ ကျွန်တော်တို့စေတီတောင် အ.ထ.က(ခွဲ) ဇုန်နယ်မြေကို မူလတန်းကျောင်း (၉)ကျောင်း၊ မူလတန်းလွန်ကျောင်း(၁)ကျောင်း၊ အ.လ.က(ခွဲ)(၇)ကျောင်းတို့ဖြင့် ဖွင့်လှစ်ထားရှိပါတယ်။ ကျောင်းသားဦးရေမှာ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွင်း (၂၇၀၉)ဦးခန့်ရှိပြီး အ.ထ.က(ခွဲ)စေတီတောင်နဲ့ ပေါင်းပါက (၃၃၃၇)ဦးခန့် များပြားလျက်ရှိပါတယ်။ ဤဒေသနဲ့ အနီးဆုံး အဆင့်မြင့်ကျောင်းမှာ အ.ထ.က ဘူးသီးတောင်ဖြစ်ပြီး ရေမိုင်(၁၆)မိုင်ခန့် ကွာဝေးပါတယ်။ သို့ဖြစ်၍ စေတီတောင် ဇုန်နယ်မြေအတွင်း ကျေးရွာများမှ ကျောင်းသား၊ ကျောင်းသူများ အထက်တန်းပညာကို လွယ်ကူစွာ သင်ယူနိုင်ရန် အ.ထ.က(ခွဲ)စေတီတောင်ကို အ.ထ.က စေတီတောင်အဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ရန် အစီအစဉ် ရှိ/မရှိ အဆိုကို မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်အတွင်း ဝေးလံသောဒေသများတွင် တာဝန်ထမ်းဆောင်နေသော ပညာရေးဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ /မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၅၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဒေါ်သီရိရတနာ က မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်အတွင်း ဝေးလံသောဒေသများတွင် တာဝန်ထမ်းဆောင်နေသော

ပညာရေးဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ /မရှိ နှင့် စပ်လျဉ်း သည့်မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၁။**

**ဒေါ်သီရိရတနာ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဖွဲ့ဝင်ဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်ကြီးများနှင့် နိုင်ငံသူ၊ နိုင်ငံသားများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုလိုက်ပါတယ်။ ကျွန်မကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်သီရိရတနာ ဖြစ်ပါ တယ်။ ကျွန်မ မေးမြန်းလိုတဲ့ မေးခွန်းကတော့ မွန်ပြည်နယ်၊ သထုံခရိုင်အတွင်းမှာရှိတဲ့ ကျွန်မရဲ့ မဲဆန္ဒနယ်ဖြစ်တဲ့ ဘီးလင်းမြို့နယ်အတွင်းက ဝေးလံခေါင်သီတဲ့ဒေသများမှာ တာဝန်ထမ်းဆောင် နေရတဲ့ ပညာရေးဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ /မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ပညာရေးကဏ္ဍဟာ နိုင်ငံတစ်နိုင်ငံရဲ့ အရေးပါတဲ့ ကဏ္ဍတစ်ခု ဖြစ်တာနဲ့ အညီ ပညာရေးဝန်ထမ်းများဟာလည်း အရေးကြီးတဲ့ လူသားအရင်းအမြစ်များပဲ ဖြစ်ပါတယ်။ ဒီလိုအရေးပါလှတဲ့ လူသားအရင်းအမြစ်များဖြစ်တဲ့ ပညာရေးဝန်ထမ်းများဟာ ဒေသခံပညာရေးဝန်ထမ်း များအတွက် မဆိုလိုသော်လည်း ဝေးလံခေါင်သီတဲ့ဒေသများမှာ တာဝန်ထမ်းဆောင်နေရတဲ့ ပညာရေး ဝန်ထမ်းများအတွက် နေရေး၊ ထိုင်ရေး အလွန်တစ်ရာ အခက်အခဲနဲ့ ကြုံတွေ့နေရပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မရဲ့ မဲဆန္ဒနယ်ဖြစ်တဲ့ ဘီးလင်းဟာ မွန်ပြည်နယ်(၁၀)မြို့နယ်မှာ ဒုတိယမြောက် ဧရိယာအကျယ်ဆုံးဖြစ်ပြီးတော့ သွားရေးလာရေးလည်း အလွန်ခက်ခဲပါတယ်။ တောတောင် မြစ် ချောင်း ပေါများပြီးတော့ တစ်နေရာနဲ့ တစ်နေရာလည်း အင်မတန်ဝေးလံလှပါတယ်။ ဒေသခံ ဆရာ၊ဆရာမလည်း ရှားပါးတဲ့အတွက် ရပ်ဝေးမှ ဆရာ၊ ဆရာမများဟာ ကျွန်မတို့ရဲ့ဒေသမှာ တာဝန် ထမ်းဆောင်ရပါတယ်။ အဲဒီ တာဝန်ထမ်းဆောင်ရတဲ့အတွက်လည်း နေရေး၊ ထိုင်ရေး အလွန်တရာ ခက်ခဲပါတယ်။ ကျွန်မရဲ့ မဲဆန္ဒနယ်သာမကဘဲ တစ်နိုင်ငံလုံးက ဝေးလံခေါင်သီတဲ့ဒေသတွေမှာ တာဝန်ကျနေတဲ့ ဆရာ၊ ဆရာမများ၊ ပညာရေးဝန်ထမ်းများဟာလည်း ဒီအခက်အခဲနဲ့ ကြုံတွေ့ရမှာ ဖြစ်ပါတယ်။ ကျွန်မရဲ့ မဲဆန္ဒနယ်ထဲက ဘီးလင်းတို့ ဟောတီးထ၊ နောင်ကတုတ်၊ ပီတိ၊ လင်ဗန်း အစရှိတဲ့ ကျေးရွာများမှာ ဆရာ၊ဆရာမများနေထိုင်ဖို့ လုံခြုံတဲ့ အိမ်ရာမရှိတဲ့အတွက် ကျေးရွာအတွင်း ကအိမ်များမှာလည်းကောင်း၊ ကျောင်းဝင်းများအတွင်းမှာလည်းကောင်း၊ ရပ်ရွာများမှ ကိုယ်ထူကိုယ်ထ စနစ်နဲ့ကျွန်မတို့ ကူညီပံ့ပိုးပြီးတော့ စီစဉ်ဆောင်ရွက်ပေးနေရတဲ့အတွက် ရွာမှာလည်း ဝန်ထုပ်ဝန်ပိုး ဖြစ်နေပါကြောင်း တင်ပြတဲ့အတွက် သိရှိခဲ့ရပါတယ်။ နဂိုကမှ ဝေးလံခေါင်သီလို့ တာဝန်ထမ်းဆောင်ဖို့ တွန့်ဆုတ်နေရတဲ့ကြားထဲ နေစရာအိမ် အခက်အခဲဖြစ်တဲ့အတွက် မလှရတဲ့အထဲ မဲ့ပြုရသလို ဖြစ်နေ ရပါပြီ။ အချို့ဟာ အိမ်ရာ သတ်သတ်မှတ်မှတ် မရှိတဲ့အတွက် တာဝန်ကျရာရွာများမှာ တစ်လမှာ ရက်အနည်းငယ်သာနေပြီးတော့ မိမိတို့ရဲ့ဇာတိများမှာ ပြန်လည်နေထိုင်ကြရတဲ့အတွက် ပညာသင် ကြားမှု အပိုင်းမှာလည်း ထိခိုက်နစ်နာမှုများ ရှိလာရပါတယ်။

ဒါ့အပြင် ပညာရေးဝန်ထမ်းအများစုဟာ အမျိုးသမီးများဖြစ်တဲ့အတွက် လုံခြုံတဲ့အိမ်ရာ ရရှိဖို့အတွက် အထူးပဲ လိုအပ်လှပါတယ်။ အရင်ကဖြစ်သလိုနေထိုင်ခဲ့ပေမယ့် သူတို့ရဲ့အခုအစိုးရသစ် လက်ထက်မှာ အခြားဝန်ထမ်းများနည်းတူ ပညာရေးဝန်ထမ်းများတွေကလည်း ဝန်ထမ်းအိမ်ရာ လိုချင်ကြကြောင်း ကျွန်မတို့ကို တင်ပြတဲ့အတွက် သိရှိရပါတယ်။ ဒါ့အပြင် ကျွန်မတို့ အဖွဲ့ချုပ် ရွေးကောက်ပွဲကြေညာစာတမ်းရဲ့ ပညာရေးကဏ္ဍအပိုဒ်(၉)မှာပါရှိတဲ့ ကျောင်းသားမိဘနဲ့ ရပ်ကျေး အပေါ် ဝန်ထုပ်ဝန်ပိုး မဖြစ်စေသော ထိရောက်သည့် ပညာရေးကဏ္ဍ-------

**ဥက္ကဋ္ဌ**။ ။ လိုရင်းကိုပဲ ပြောပါ။

**ဒေါ်သီရိရတနာ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၂)**။ ။ ပညာရေးဝန်ဆောင်မှု ဖြစ်စေရန် ဆောင်ရွက်ရမည်ဆိုတဲ့ အချက်ထဲမှာ အကျိုးဝင်နေ၊ ကျေးရွာ ရဲ့ ဝန်ထုပ်ဝန်ပိုးကို လျှော့ချစေချင်သော စေတနာဖြင့်လည်းကောင်း၊ ပညာသင်ကြားချိန် လျော့နည်းခြင်းကို ကုစားနိုင် ရန်အတွက်လည်းကောင်း၊ ပြည်သူ့အသံကို လွှတ်တော်က ဖော်ဆောင်ရွက်ရန်အတွက် လည်းကောင်း ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။

ဒါကြောင့် ပညာရေးဝန်ကြီးဌာနအနေနဲ့ ထူးခြားတဲ့နယ်မြေဒေသဆိုင်ရာ အခက်အခဲနဲ့ ကြုံတွေ့နေရတဲ့ မွန်ပြည်နယ်၊ သထုံခရိုင်၊ ဘီးလင်းမြို့နယ်အတွင်းက ဝေးလံသောဒေသများမှာ တာဝန် ထမ်းဆောင်နေရတဲ့ ပညာရေးဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ပေးဖို့ အစီအစဉ် ရှိ/မရှိနဲ့စပ်လျဉ်းပြီးတော့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မဲဆန္ဒရှင် ပြည်သူများရဲ့ကိုယ်စား မေးမြန်းရခြင်းဖြစ်ပါ တယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင့်။ (သြဘာသံများ)

**ကျေးလက်ဒေသများတွင် တာဝန်ထမ်းဆောင်နေသော ပညာရေးဝန်ထမ်းများ နေထိုင်ရန်အတွက် အဆောက်အအုံ ရရှိရေးကို ပြည်ထောင်စုအစိုးရ ရန်ပုံငွေမှ ကူညီတည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၅၅။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတက်ထွန်းအောင် က ကျေးလက်ဒေသများတွင် တာဝန်ထမ်းဆောင်နေသော ပညာရေးဝန်ထမ်းများ နေထိုင်ရန်အတွက် အဆောက်အအုံ ရရှိရေးကို ပြည်ထောင်စုအစိုးရ ရန်ပုံငွေမှ ကူညီတည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၅။**

**ဦးတက်ထွန်းအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးတက်ထွန်းအောင် ဖြစ်ပါတယ်ခင်ဗျား။

ကျွန်တော်မေးလိုတဲ့မေးခွန်းက ကျေးလက်ဒေသများတွင် တာဝန်ထမ်းဆောင်နေသော ပညာရေးဝန်ထမ်းများအတွက် နေထိုင်ရန်အတွက် အဆောက်အအုံ ရရှိရေးကို ပြည်ထောင်စုအစိုးရ ရန်ပုံငွေမှ ကူညီတည်ဆောက်ပေးရန် ရှိ/မရှိ အစီအစဉ်မေးခွန်းပဲဖြစ်ပါတယ်။ ဒီမေးခွန်းနဲ့ပတ်သက်လို့ အနည်းငယ် တင်ပြရမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ နိုင်ငံတစ်နိုင်ငံ၊ လူ့အဖွဲ့အစည်း တစ်ခု၏ အမြင့်မားဆုံး ပန်းတိုင်သည် ပညာရေးပဲ ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်တို့ အာစရိယ ဆရာ၊ ဆရာမများဖြစ်တဲ့ ပုဂ္ဂိုလ်များဟာ နေရေး၊ ထိုင်ရေး အခက်အခဲ လွန်စွာရှိပါတယ်။ ဒါနဲ့ပတ်သက်လို့ ကျွန်တော် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ကျွန်တော်တို့ ပြည်ထောင်စုဒုတိယဝန်ကြီးကိုလည်း ကျွန်တော် တင်ပြခဲ့ဖူးပါတယ်။ သို့သော်လည်း ကျွန်တော်တို့ နိုင်ငံရေးဖွံ့ဖြိုးတိုးတက်မှု အားနည်းတာကိုလည်း ကျွန်တော်တို့ နားလည်ပါတယ်။ အဓိက ကျွန်တော်တို့နိုင်ငံရဲ့ ပညာရေးတိုးတက် မြင့်မားလာစေရန် ရေတို၊ ရေရှည် စီမံကိန်းများကိုရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဤသို့ ဖော်ဆောင်ရာတွင် အခြေခံကျသော မူလတန်းကျောင်းများဟာ အဓိကနေရာတွင် ရှိနေပါတယ်။ အခြေခံမကောင်း၍ အလယ်တန်း၊ အထက်တန်း အဆင့်မြင့်သော ကျောင်းသားများ၏ ပညာရေးအခြေအနေ ယိမ်းယိုင်နေသည်ကိုလည်း တွေ့မြင်ရမှာဖြစ်ပါတယ်။

ကျေးလက်ဒေသပညာရေးအခြေအနေဟာ မြို့ပြနဲ့မတူဘဲ အခြေအနေ နိမ့်ကျလျှက်ရှိသည်ကိုလည်းတွေ့ရပါတယ်။ ဤကဲ့သို့ဖြစ်ရခြင်းအကြောင်းအရင်းမှာလည်း တာဝန်ကျ ဆရာ၊ ဆရာမများ၊ ၎င်းတာဝန်ကျရာဒေသတွင် စွဲမြဲစွာနေထိုင်ခြင်းမရှိသော အချက်တစ်ခုလည်း ပါဝင်မှာ ဖြစ်ပါတယ်။ ဤကဲ့သို့ နေထိုင်ခြင်းမရှိခြင်းမှာလည်း ဆရာ၊ ဆရာမများသည် ကျေးရွာရှိ အိမ်များတွင် အဆင်ပြေသလို နေထိုင်ခြင်းကြောင့် နေထိုင်စားသောက်ရေးအတွက် အခက်အခဲ ရှိတာကိုလည်း တွေ့ရပါတယ်။ ဒါ့အပြင် မိသားစုပြဿနာများကြောင့် လောလောဆယ် နေထိုင်ရန် လည်းအခက်အခဲရှိနေပါတယ်။ တချို့ကျေးရွာများတွင် ဆရာအချို့ဟာနေစရာမရှိလို့ ဘုန်းတော်ကြီး ကျောင်းများမှာသွားပြီး နေထိုင်ရတာကိုလည်း တွေ့မြင်ရပါတယ်။ ဒီကိစ္စဖြစ်ရပ်မှာ ကျေးလက်နေ ဆရာ၊ ဆရာမများအတွက် လွန်စွာကြီးမားသောပြဿနာ တစ်ခု ဖြစ်နေပါတယ်။ နေထိုင်စရာ အဆောက်အအုံ သတ်သတ်မှတ်မှတ် ရှိစေရန် စေတနာထားပြီး စိတ်ချမ်းသာစွာ ပညာသင်ကြားပေး နိုင်ရန် အခြေအနေ ရှိပါတယ်။

သို့ဖြစ်ပါ၍ ပြည်ထောင်စုအစိုးရမှ ဆောင်ရွက်ပေးနိုင်ပါက မိမိတို့နိုင်ငံသည် ပညာရေးတိုးတက်ဖို့အတွက် အမှန်တကယ်လိုအပ်ချက်ကို ပြည်ထောင်စုအစိုးရ ရန်ပုံငွေမှ စီမံကိန်းတစ်ရပ်ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၅၉။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၅၉။**

**ဒေါက်တာမျိုးသိမ်းကြီး (ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌနှင့်အားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြ ပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ကျွန်တော် ဒေါက်တာမျိုးသိမ်းကြီး က ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉) အမျိုးသားကိုယ်စားလှယ် ဦးမောင်ကျော်ဇံ ရဲ့ ဘူးသီးတောင်မြို့နယ်၊ စေတီတောင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာ အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ ကိစ္စနှင့်စပ်လျဉ်းသည့်မေးခွန်းအား ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေဖြင့် ယခု ပညာသင်နှစ်၊ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် ကျောင်းအဆင့်တိုးမြှင့်ခြင်းများ ဆောင်ရွက်ရာတွင် မူလတန်းကျောင်း၊ မူလတန်းလွန်ကျောင်း၊ အလယ်တန်းကျောင်း(ခွဲ)နှင့် အထက်တန်းကျောင်း(ခွဲ) အဆင့်တိုးမြှင့်ခြင်းတို့အတွက် သတ်မှတ်မှုများကို ဖြေလျှော့၍ ကျောင်းအဆင့်တိုးမြှင့် ဖွင့်လှစ်ပေးခဲ့ပြီး ဖြစ်ပါတယ်။ အလယ်တန်းနှင့် အထက်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ရန်အတွက် မူနှင့် ကိုက်ညီမှုသာ ကျောင်းအဆင့်တိုးခြင်းကို တိုးမြှင့်ဆောင်ရွက်ပေးခဲ့ပါတယ်။ သို့သော် ခြွင်းချက်အနေဖြင့် ပင်မကျောင်း နှင့် ဝေးလံသောကျောင်းများ၊ ချောင်းခြား၊ မြစ်ခြား၊ ပင်လယ်ပြင်ဖြတ်၍သွားရသည့် အနေအထား ရှိသောကျောင်းများ၊ တောင်တန်းထူထပ်၍ သွားလာရေးခက်ခဲသောဒေသရှိ ကျောင်းများ စသည့် ထူးခြားမှုအခြေအနေရှိသော ကျောင်းများကိုလည်း သင်ယူမှုအခွင့်အလမ်း တိုးမြှင့်ရေးအတွက် သတ်မှတ်မှုများအား ဖြေလျှော့၍ အဆင့်တိုးမြှင့်ပေးခဲ့ပြီး ဖြစ်ပါတယ်။

ဘူးသီးတောင်မြို့နယ်၊ စေတီတောင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် စုစုပေါင်း အထက်တန်းအဆင့် ကျောင်းသား(၁၉၆)ဦး၊ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် စုစုပေါင်းအထက်တန်းအဆင့်သင် ကျောင်းသား (၁၅၁)ဦးသာ တွေ့ရှိရပါတယ်။ ခုနတုန်းက ကိုယ်စားလှယ်ကြီးတင်ပြသွားတဲ့ ရေမိုင်(၁၆)မိုင်ခန့် ပင်မကျောင်းနဲ့ ဝေးလံနေတယ် ဆိုတာကိုလည်းပဲ တင်ပြသွားပါတယ်။ ယခု ကိုယ်စားလှယ်မေးမြန်းထားသည့်ကျောင်းသည် အခြေခံ ပညာ အထက်တန်းကျောင်း(ခွဲ)ဖြစ်တဲ့အတွက် အထက်တန်းပညာရေးကိုလည်း သင်ကြားခွင့်ရရှိတဲ့ အခြေအနေမှာ ရှိနေပါတယ်။ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)မှ အခြေခံပညာအထက်တန်း ကျောင်းအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ရန်အတွက် အထက်တန်းအဆင့်သင် ကျောင်းသား(၂၀၀)ဦးနှင့် အထက် ရှိရမည် ဖြစ်သော်လည်း ပင်မကျောင်းနှင့် ရေမိုင် (၁၆)မိုင်ခန့် ကွာဝေးနေတယ်ဆိုတာ ကိုတော့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ပြန်လည်စိစစ်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း တင်ပြ ပါတယ်။

ဒါကြောင့်မို့လို့ ဘူးသီးတောင်မြို့နယ်၊ စေတီတောင်ရွာ အခြေခံပညာအထက်တန်းကျောင်း (ခွဲ)အား အခြေခံပညာ အထက်တန်းကျောင်း (Sanction) အဖြစ် အဆင့်တိုးမြှင့်ပေးရန်အတွက်

လက်ရှိအခြေအနေတွင် သတ်မှတ်မူဘောင်နှင့်ကိုက်ညီရန်အတွက် လိုအပ်မှုရှိနေပါသေးသော်လည်း ရေမိုင်ကွာဝေးနေတဲ့အတွက်ကြောင့်မို့လို့ သတ်မှတ်မူတွေကို ဖြေလျှော့၍ အဆင့်တိုးပေးနိုင်တဲ့ အခြေအနေနဲ့ နောင်ပညာသင်နှစ်တွင် ကိုက်ညီမှုရှိလို့ရှိရင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ဆက်လက်၍ မွန်ပြည်နယ်အမှတ်(၁၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်သိရီရတနာ နှင့် ရခိုင်ပြည်နယ် အမှတ်(၂)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးတက်ထွန်းအောင် တို့ရဲ့ မေးခွန်းများအား ဆင်တူဖြစ်တဲ့အတွက်ကြောင့်မို့လို့ တစ်ပေါင်းတည်း ဖြေကြားခွင့်ပြုဖို့အတွက် တင်ပြပါတယ်။

ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်များ ခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေနဲ့ သက်ဆိုင်ရာ တိုင်းဒေသကြီး ပြည်နယ်များက ၎င်းတို့ရဲ့ နယ်မြေဒေသအတွင်းမှ လိုအပ်ချက်ရှိသဖြင့် တင်ပြလာမှု အရသော်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၏ တင်ပြလာမှုအရသော်လည်းကောင်း၊ ဝန်ထမ်း အိမ်ရာများကို ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်းနဲ့အညီ သက်ဆိုင်ရာဌာနများသို့ ခွင့်ပြုရန်ပုံငွေ ရရှိရန် တင်ပြတောင်းခံပေးလျက် ရှိပါတယ်။ ထိုသို့ဆောင်ရွက်ရာမှာ အခြေခံပညာဦးစီးဌာန၏ စိစစ် တောင်းခံ တင်ပြမှုအရ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် (၄၀)ပေ၊ (၃၀)ပေ ဝန်ထမ်းအိမ်ရာ (၅၅)လုံး အတွက် ငွေကျပ်စုစုပေါင်း (၁၈၉၀.၆) သန်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် (၆)ခန်းတွဲ၊ လေးထပ် (၁၁)လုံး၊ အခန်းပေါင်း(၂၆၄)ခန်း ဆောက်လုပ်ရန်အတွက် ငွေကျပ်စုစုပေါင်း (၈၂၆၅.၄)သန်း၊ စုစုပေါင်း ငွေကျပ်သန်းပေါင်း (၁၀၁၅၆)သန်း ရန်ပုံငွေ ခွင့်ပြုချက် ရရှိဆောင်ရွက် ခဲ့ပြီး ဖြစ်ပါတယ်။ ဆရာ၊ ဆရာမများ နှင့် ပညာရေးဝန်ထမ်းများ အရည်အသွေးမြင့်မားရေးနှင့် လူမှုဘဝဖူလုံရေးတို့ လိုအပ် သဖြင့် စီစဉ်ဆောင်ရွက်ပေးရမည့်မှာ အမှန်တကယ်ပင် ဖြစ်ပါတယ်။

အခြေခံပညာကျောင်းများတွင် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ပေးခြင်းကို နိုင်ငံတော်၏ ခွင့်ပြုရန်ပုံငွေဖြင့် တိုးချဲ့ဆောင်ရွက်နေသည့်အပြင် ကျေးရွာများတွင် ရပ်မိရပ်ဖများ၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ မိဘဆရာအသင်းများနှင့် ပူးပေါင်း ပံ့ပိုးကူညီမှုဖြင့် ဆရာ၊ဆရာမများ နေထိုင်မှု အဆင်ပြေရေးအတွက်ကိုလည်း စီစဉ်ပူးပေါင်းပါဝင် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အခြေခံပညာ ကဏ္ဍတွင် အကောင်အထည်ဖော် ဆောင်ရွက်ရမယ့်လုပ်ငန်း စီမံကိန်းလုပ်ငန်းစဉ်များနှင့် ပတ်သက် သည့် အခမဲ့ မူလတန်းပညာရေး၊ အခမဲ့ အလယ်တန်းပညာရေး၊ အခမဲ့ အထက်တန်းပညာရေးများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ကျောင်းဆောင်သစ်များ တိုးချဲ့ဆောက်လုပ်ခြင်း၊ ကျောင်းဆောင် များ ပြုပြင်မွမ်းမံခြင်း၊ ကျောင်းအဆင့်တိုးမြှင့်ခြင်းနှင့် ဆရာ၊ ဆရာမများ ခန့်ထားခြင်း၊ ဆရာ၊ ဆရာမများ အရည်အသွေးမြင့်မားရေး၊ မွမ်းမံသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ခြင်း၊ ကျောင်းအုပ်ကြီး မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး၊ ပြည်နယ်ပညာရေးမှူးများ စီမံခန့်ခွဲရေး၊ မွမ်းမံသင်တန်းများ ဖွင့်လှစ် ဆောင်ရွက်ခြင်းများ စသည့် သင်ယူမှုအခွင့်အလမ်းနှင့် အရည်အသွေး မြင့်မားရေးအတွက်တို့ကို ခွင့်ပြုရန်ပုံငွေဖြင့် ဦးစားပေးစီစဉ်ဆောင်ရွက်လျက် ရှိပါတယ်။

သို့ဖြစ်ပါ၍ ကျေးလက်ဒေသများတွင် တာဝန်ထမ်းဆောင်နေသော ပညာရေးဆရာ၊ ဆရာမ များနှင့် ဝန်ထမ်းများနေထိုင်ရန်အတွက် ဒေသခံရပ်မိရပ်ဖများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျောင်း မိဘဆရာအသင်းအဖွဲ့များ၏ ပံ့ပိုးကူညီမှုဖြင့် အဆင်ပြေစွာ နေထိုင်ရန် စီစဉ်ဆောင်ရွက် ပေးလျက်ရှိ

ပါတယ်။ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ပူးပေါင်း၍ သွားလာရေးခက်ခဲသော ဒေသများရှိ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ၊ အိမ်ရာများကို ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်နိုင်ရေး အတွက် ဦးစားပေး စီစဉ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြား တင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌက နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၁း၀၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(က) အရ နိုင်ငံ့ဝန်ထမ်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် အဆိုကို ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၇။**

**ဒေါက်တာ ဝင်းသိမ်း (ဥက္ကဋ္ဌ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်ထောင်စု ရှေ့နေချုပ်ရုံးရဲ့အကြံပြုချက်နှင့်အညီ နိုင်ငံတော်သမ္မတရုံး လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးတို့သို့ လုပ်ထုံးလုပ်နည်းနဲ့အညီ တင်ပြ လမ်းညွှန်မှုခံယူပြီးနောက် ပြုစုရေးဆွဲထားရှိသော နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့်ဥပဒေမူကြမ်းအား အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးနိုင်ရန်အလို့ငှာ အဆိုကို တင်သွင်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံ့ဝန်ထမ်းဥပဒေကို ၂၀၁၃ ခုနှစ်၊ မတ်လ(၈)ရက်နေ့မှာ ပြည်ထောင်စု လွှတ်တော် ဥပဒေအမှတ်(၅)ဖြင့် ထုတ်ပြန်ပြဋ္ဌာန်းခဲ့ရာ ယင်းဥပဒေကို ခေတ်ကာလနှင့် လျော်ညီစေရန် ပြင်ဆင်လို၍လည်းကောင်း၊ အဆိုပါ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၅၆၊ ပုဒ်မခွဲ(ခ)ပါ နှစ်ပြည့်ပင်စင် ခံစားခွင့်နဲ့ စပ်လျဉ်းပြီး နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၆၂ တွင် အသက် (၅၅)နှစ်ပြည့်ပြီး ဖြစ်သောဝန်ထမ်းသည် အငြိမ်းစားယူနိုင်ခွင့်ရှိသည့် လုပ်သက်နှစ်(၃၀)ပြည့်သောအခါ နှစ်ပြည့်ပင်စင် ခံစားခွင့်တောင်းခံလာပါက ခိုင်လုံသောအကြောင်းပြချက် မရှိပဲ ငြင်းပယ်ခြင်းမပြုရဟု ပြဋ္ဌာန်းထားရှိရာ နိုင်ငံတော်အတွက် လုပ်သက်နှစ်(၃၀)ကာလအထိ တာဝန်ကျေပွန်စွာဖြင့် ထမ်းရွက်ပေးခဲ့ကြသော အသက်(၅၅)နှစ် မပြည့်သေးသည့် နိုင်ငံ့ဝန်ထမ်းများသည် ၎င်းတို့၏ မိသားစုပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနဲ့ လူမှုရေးဆိုင်ရာလိုအပ်ချက်များအရ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူရန် အတွက် အခက်အခဲ ဖြစ်ပေါ်လျက်ရှိ၍လည်းကောင်း၊ ယခင်က ပြဋ္ဌာန်းကျင့်သုံးခဲ့သော ဝန်ထမ်းစည်းမျဉ်းများဆိုင်ရာ ကောက်နုတ်ချက်စာစောင် အပိုဒ် ၁၆၃၊ အပိုဒ်ခွဲ (ခ)နှင့် မြို့ပြဝန်ထမ်း

စည်းမျဉ်းများ အပိုဒ် ၄၆၅ (CSR 465) တို့တွင်လည်း နှစ်ပြည့်ပင်စင်ခံစားခွင့်ပြုခြင်းနှင့် စပ်လျဉ်း၍ လုပ်သက်နှစ်(၃၀)ကိုသာ သတ်မှတ်ပြဋ္ဌာန်းထားရှိပြီး ဝန်ထမ်း၏အသက်ကိုမူ သတ်မှတ်ပြဋ္ဌာန်း ထားခြင်းမရှိခဲ့၍လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့်ဥပဒေမူကြမ်းအား တင်ပြရခြင်း ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့်ဥပဒေမူကြမ်းအား ၂၃-၆-၂၀၁၆ ရက်နေ့မှာ ပြည်ထောင်စုလွှတ်တော်ရုံးသို့ ပေးပို့တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ဒါ့ကြောင့် ယခုတင်သွင်းတဲ့ ဥပဒေမူ ကြမ်းကို လက်ခံဆွေးနွေးပေးပါရန် အမျိုးသားလွှတ်တော်သို့ တင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၁း၁၀။**

**ဥက္ကဋ္ဌ။** ။အဆိုကို ထောက်ခံဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ် ပါတယ်။

**အချိန်၊ ၁၁း၁၁။**

**ဦးဝင်းအောင်၊ စစ်ကိုင်းတိုင်းဒေသကြီးဆန္ဒနယ်အမှတ်(၃)။** ။လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီး ခင်ဗျား။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် အဆိုတင်သွင်းလာခြင်းကို နိုင်ငံ့ဝန်ထမ်းများကို အကျိုးဖြစ်ထွန်းစေပြီး ခေတ်နဲ့မလျော်ညီတော့တဲ့ ဥပဒေများကို ပြင်ဆင်နိုင်မှာ ဖြစ်တဲ့အတွက် စစ်ကိုင်းတိုင်းဒေသကြီး အမှတ်(၃)မဲဆန္ဒနယ်မြေ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးဝင်းအောင်က လေးလေးနက်နက် ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၁း၁၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ နိုင်ငံ့ဝန်ထမ်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား လက်ခံဆွေးနွေးရန် သင့်/မသင့် အမျိုးသား လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၁၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် (၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က လက်ခံ ဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ သဘောထားရယူမှာ ဖြစ်ပါတယ်။

နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော် က လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၁း၁၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၁၅။**

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌကြီးနဲ့ ဒီနေ့ အမျိုးသားလွှတ်တော် အစည်းအဝေးကို တက်ရောက်လေ့လာတဲ့ပြည်သူများအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ နိုင်ငံ့ဝန်ထမ်းဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ကော်မတီရဲ့ ကိုယ်စား ကော်မတီအတွင်းရေးမှူးဖြစ်တဲ့ ကျွန်တော် ဒေါက်တာမြတ်ဉာဏ်စိုးကနေပြီးတော့ ရှင်းလင်းသွားမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ**

စာအမှတ် ၁/အမ (ကော်မတီ-၁) ၁/၂၀၁၆-၂၃၃
ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၈ ရက်

၁။ ပြည်ထောင်စုလွှတ်တော်က နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ စပြီးတော့ဆွေးနွေးနိုင်ဖို့ ၂၈-၆-၂၀၁၆ ရက်နေ့က ပေးပို့လာပါသည်။ ဒီဥပဒေကြမ်းနှင့် စပ်လျဉ်းပြီးတော့ ကျွန်တော်တို့ကော်မတီဟာ ပြည်ထောင်စုရာထူးဝန်အဖွဲ့က တာဝန်ရှိ ပုဂ္ဂိုလ်တွေနှင့် ၂၁-၇-၂၀၁၆ ရက်နေ့မှာ အစည်းအဝေး ကျင်းပပြုလုပ်ခဲ့ပါတယ်။ အဲ့ဒီအခါမှာ ပြည်ထောင်စုရာထူးဝန်အဖွဲ့က တာဝန်ရှိပုဂ္ဂိုလ်များက တင်ပြခဲ့တာရှိပါတယ်။ ဒါကတော့ အခုနက ရာထူးဝန် ဥက္ကဋ္ဌကြီး တင်ပြခဲ့သလိုပါပဲ။ တည်ဆဲဥပဒေပုဒ်မ ၅၈ နှင့် ၆၂ ဆက်စပ်နေတဲ့ ပုဒ်မ နှစ်ခုကိုပဲ ဒါပြင်ဆင်ဖို့ တင်ပြထားတာ ဖြစ်ပါတယ်။ ဒါတွေကတော့ လုပ်သက်ပြည့် အငြိမ်းစားခံစားခွင့်ဆိုင်ရာ ဆက်စပ်ပုဒ်မများ ဖြစ်ပါတယ်။ ဒီပုဒ်မနှစ်ခုသာမကဘဲနဲ့ နိုင်ငံ့ဝန်ထမ်းတွေအတွက် အကျိုးဖြစ်ထွန်းစေပြီးတော့ ပြောင်းလဲလာတဲ့ ခေတ်စနစ်နဲ့ ကိုက်ညီစေဖို့အတွက် သက်ဆိုင်ရာပုဒ်မများကိုပါ တစ်ပါတည်း

ပြင်ဆင်လိုကြောင်း ပြည်ထောင်စုရာထူးဝန်ဥက္ကဋ္ဌကြီးက လမ်းညွှန်ပါတယ် ဆိုပြီးတော့ တင်ပြလာပါတယ်။

အဲ့ဒီတော့ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီကလည်း ဒါကိုလက်ခံပြီးတော့ ပြည်ထောင်စုရာထူးဝန်ဥက္ကဋ္ဌရဲ့ လမ်းညွှန်ချက်အရ ထပ်မံပြုစုတင်ပြလာတဲ့ အချက်တွေအပေါ်မှာ အခြေခံပြီးတော့ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်က ပညာရှင်တွေ၊ နောက် ဒီနေရာမှာ ပင်စင်ကိစ္စတွေ ပါနေတဲ့အတွက်ကြောင့်မို့လို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက တာဝန်ရှိပုဂ္ဂိုလ်တွေ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ နောက်တစ်ခါ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်တွေနှင့် ၄-၈-၂၀၁၆ ရက်နေ့တွင် ထပ်မံတွေ့ဆုံညှိနှိုင်းခဲ့ပါတယ်။ အဲဒီအခါမှာ မူလတင်ပြခဲ့တဲ့ ပုဒ်မ နှစ်ခု အပြင် စုစုပေါင်း ကျွန်တော်တို့ ပြင်ဆင်ချက် အချက်(၂၀) ဖြစ်သွားပါတယ်။ ကျွန်တော်တို့ကော်မတီဟာ နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လေ့လာစိစစ်တဲ့အခါမှာတော့ ဒီအချက်(၂၀)အပေါ်မှာ သုံးသပ်ချက်တွေကို ဆက်လက်တင်ပြသွားမှာ ဖြစ်ပါတယ်။

ပထမဦးဆုံးကတော့ ပုဒ်မ ၂၊ ပုဒ်မခွဲ(ဃ)၊ ပုဒ်မခွဲငယ်(၁) အဖြစ် ပြင်ဆင်အစားထိုးတာ ဖြစ်ပါတယ်။ ဒီနေရာမှာတော့ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူး ဆိုသည်မှာ လွှတ်တော် အသီးသီးက ရွေးချယ်တာဝန်ပေးအပ်သော လွှတ်တော်အဖွဲ့အစည်းများ၏ အကြီးအမှူးများနှင့် နိုင်ငံတော်သမ္မတ က ခန့်အပ်သည့် ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းများ၏ အကြီးအမှူးများကို ဆိုသည်။ ဆိုပြီးတော့ ဒါကိုဖြည့် စွက်ခဲ့ပါတယ်။ ဥပဒေပြုရေးပိုင်းကော၊ အုပ်ချုပ်ရေးပိုင်းကော နှစ်ဖက်စလုံးက အကြီးအမှူးများ ပါဝင်နိုင်ဖို့ ဖြစ်ပါတယ်။

နောက်တစ်ခုကကျတော့ တည်ဆဲဥပဒေ (ဥပဒေ) ပုဒ်မ ၂၊ ပုဒ်မခွဲ(စ)တွင် ဖော်ပြထားသော စကားရပ်တွေကို ဖြည့်စွက်တာ ဖြစ်ပါတယ်။ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းဆိုသည်မှာ ပြည်ထောင်စု အစိုးရအဖွဲ့ ဝန်ကြီးဌာနအသီးသီး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးဌာန အသီးသီးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများကို ဆိုသည်။ ယင်းစကားရပ်တွင် ဤဥပဒေပါ ကိစ္စအလို့ငှာ နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ လွှတ်တော်ရုံးများ၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန် အဖွဲ့ရုံး၊ နေပြည်တော်ကောင်စီရုံး၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ရုံး၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ရုံး၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်ရုံးနှင့် ဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၏ ရုံးများလည်း ပါဝင်သည် ဆိုပြီးတော့ အစားထိုး ဖြည့်စွက်ခဲ့တာ ဖြစ်ပါတယ်။

မူလဥပဒေမှာကတော့ ကျွန်တော်တို့က ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းတဲ့ရုံးတွေကိုပဲ ထည့်သွင်းထားတဲ့အခါမှာ နေပြည်တော်ကောင်စီရုံးမှာ ကျွန်တော်တို့က အဆုံးသတ်ခဲ့တာ ဖြစ်ပါတယ်။ နောက်ပြီးတဲ့အခါမှ ဒီဥပဒေပြဋ္ဌာန်းစဉ်ကာလတုန်းက လွှတ်တော်ရုံးကလည်း တစ်ရုံးတည်းပဲ ရှိခဲ့ပါတယ်။ အခု ကျွန်တော်တို့က ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် စသည်ဖြင့်

လွှတ်တော်ရုံးအဖွဲ့အသီးသီးနဲ့ ဆောင်ရွက်နေတာ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ လွှတ်တော်ရုံးများလို့ ပြင်ဆင်ခဲ့တာဖြစ်ပါတယ်။ နောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်တွေဟာကလည်း ပြည်ထောင်စု လွှတ်တော်က ဥပဒေနဲ့အညီ ပြဋ္ဌာန်းသတ်မှတ်ပေးထားတဲ့ ပြည်ထောင်စုအဖွဲ့အစည်းများ ဖြစ်တာနှင့် အညီ ဒါတွေကိုပါ ပြည့်ပြည့်စုံစုံ ပါဝင်နိုင်ဖို့ ရာထူးဝန်အဖွဲ့က အကြံပြုတင်ပြထားတာ ဖြစ်ပါတယ်။

နောက်တစ်ချက်ကတော့ တည်ဆဲဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ (က) မှာ စတင်ခန့်ရာထူးအဆင့် အတွက် ရာထူးဝန်အဖွဲ့က ရွေးချယ်ပေးသော ဝန်ထမ်းများကို ခန့်ထားရမည် ဆိုတာပါပါတယ်။ ဝင်ပေါက်ရာထူးတွေဟာ ကျွန်တော်တို့ စကေးလိုက်၊ စကေးလိုက် ရှိပါတယ်။ ဒီစကားရပ်အရဆိုရင် စတင် ခန့်ထားတဲ့ ရာထူးတိုင်းအတွက် ရာထူးဝန်အဖွဲ့က ရွေးချယ်သတ်မှတ်ပေးရမယ် ဆိုတဲ့အဓိပ္ပာယ် မျိုးသက်ရောက်နေပါတယ်။ တကယ့်တကယ်တော့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဟာ ပြန်တမ်းဝင်အရာရှိ အဆင့်ကနေ စတင်တဲ့ရာထူးများအတွက်သာ တာဝန်ယူဆောင်ရွက်ပေးတာ ဖြစ်တဲ့အတွက် သတ်မှတ် သည့် ပြန်တမ်းဝင်အရာရှိအဆင့် စတင်ခန့်ရာထူးများအတွက် ရာထူးဝန်အဖွဲ့က ရွေးချယ်ပေးသော ဝန်ထမ်းများကို ခန့်ထားရမည် လို့ပြင်ဆင်ခဲ့တာ ဖြစ်ပါတယ်။

နောက်တစ်ချက်ကတော့ ပုဒ်မ ၈၊ ပုဒ်မခွဲ(ခ) ဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ဆိုတဲ့ ညွှန်းဆိုချက်အစား လုပ်ကိုင်ဆောင်ရွက်ရာမှာ တိကျမှုရှိစေရန်အတွက် ပြည်ထောင်စု အစိုးရအဖွဲ့ရုံး လို့ ပြောင်းလဲပြင်ဆင်ခဲ့တာ ဖြစ်ပါတယ်။

နောက်တစ်ချက်ကတော့ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၁၅ မှာပါတဲ့ ဝန်ကြီးဌာနက လုပ်ပိုင်ခွင့် အပ်နှင်း ခြင်းခံရသူ၏ ခွင့်ပြုချက်ဖြင့် ခွင့်ခံစားနိုင်သည်ဆိုသည့်စကားရပ်ကိုတော့ ဝန်ကြီးဌာနတင် မကပါဘူး။ တခြားပြည်ထောင်စုအဆင့် အဖွဲ့အစည်းများလည်းဒီလုပ်ပိုင်ခွင့်ကို သုံးစွဲနိုင်ဖို့အတွက် ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းက လုပ်ပိုင်ခွင့် အပ်နှင်းခြင်းခံရသူ၏ ခွင့်ပြုချက်ဖြင့် ခွင့်ခံစားနိုင်သည်လို့ ပြင်ဆင်ထားခြင်း ဖြစ်ပါတယ်။ ပုဒ်မ ၂၂ မှာတော့ ဝန်ထမ်းသည် တရားဝင်ခံစားပိုင်ခွင့် ရှိသော လုပ်သက်ခွင့်ကို အငြိမ်းစားယူရမည့် အသက်ပြည့်သည့် နေ့ရက်မတိုင်မီ အငြိမ်းစားယူရန် ကြိုတင် ပြင်ဆင်ခွင့်အဖြစ် ခံစားနိုင်သည်ဆိုတဲ့နေရာမှာ LPR သွားတဲ့အချိန်မှာ ကျွန်တော်တို့က လစာ နှုန်းထားကို ဥပဒေထဲမှာ ဖော်ပြသတ်မှတ်ထားခြင်းမရှိပါဘူး။ ဒါကြောင့်မို့လို့ ဝန်ထမ်းတွေအတွက်ပိုပြီး တော့မျှတ အဆင်ပြေတဲ့ အချက်ဖြစ်အောင်လို့ ဝန်ထမ်းသည် အငြိမ်းစားယူရမည့် အသက် ပြည့်သည့် နေ့ရက်မတိုင်မီ အငြိမ်းစား ယူရန်ကြိုတင်ပြင်ဆင်ခွင့်ကို ပျမ်းမျှလစာဖြင့် ခံစားနိုင်သည်လို့ ပြင်ဆင်ခဲ့ တာ ဖြစ်ပါတယ်။

နောက် ကျွန်တော်တို့ နိုင်ငံ့ဝန်ထမ်းများရဲ့ စွမ်းဆောင်မှုအရည်အသွေးနဲ့ အရည်အချင်းက အင်မတန်မှ အရေးကြီးပါတယ်။ ဆုပေး၊ ဒဏ်ပေးစနစ်ကို ကျင့်သုံးမယ်ဆိုရင် ဘယ်လိုပြစ်ချက်မျိုး ကျူးလွန်ရင်အရေးယူမယ် ဆိုတဲ့ ပြဋ္ဌာန်းချက်တွေ ပါရှိသင့်သလို ဘယ်လိုမျိုး ထူးထူးချွန်ချွန် တာဝန် ထမ်းဆောင်ခဲ့ရင် မြောက်စားချီးမြှင့်မယ်ဆိုတဲ့ ပြဋ္ဌာန်းချက်လည်း ပါရှိသင့်ပါတယ်။ ဒါကြောင့်မို့လို့ ဝန်ထမ်းသည်အရည်အချင်းနှင့် လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားမှုအပေါ် မူတည်၍ သက်ဆိုင်ရာ အရည်အချင်းစစ်ဆေးရေးအဖွဲ့၏ ထောက်ခံမှုအရ ချီးမြှင့်မြောက်စားသည့်အနေဖြင့် ရာထူးတိုးမြှင့်

ခြင်းကို ခံစားပိုင်ခွင့် ရှိသည်ဆိုတဲ့ အပိုဒ်(၁) ခုအနေနဲ့ ပုဒ်မ ၂၄၊ ရဲ့နောက်မှာ ပုဒ်မ ၂၄ (က) အဖြစ် အသစ် ဖြည့်စွက်ခဲ့တာ ဖြစ်ပါတယ်။

နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၃၉၊ ပုဒ်မ ၄၀၊ ပုဒ်မ ၄၃ ၊ ပုဒ်မ ၄၆၊ ပုဒ်မ ၄၉ နဲ့ ၅၀ တွေမှာပါရှိတဲ့ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးဆိုတဲ့ စကားရပ်များကိုတော့ ခုနတင်ပြခဲ့သလိုပါပဲ။ ဝန်ကြီးဌာနနဲ့ အဖွဲ့အစည်းတွေနှစ်ခုလုံး ခြုံငုံနိုင်အောင်လို့ ပြင်ဆင်ထားပါတယ်။

နောက်ပုဒ်မ ၄၁ မှာ ဖော်ပြထားတဲ့စကားရပ်တွေအစားတော့ ခိုင်လုံသော အထောက်အထား များအရ အပြစ်ရှိကြောင်းပေါ်လွင် ထင်ရှားနေသည့်ကိစ္စတွင် ဝန်ထမ်းအား ဌာနဆိုင်ရာစုံစမ်းစစ်ဆေးမှု မပြုပဲ ထိုက်သင့်ဝန်ထမ်းဆိုင်ရာ ပြစ်ဒဏ်ကို ချမှတ်နိုင်သည်ဆိုတာ ဒါနည်းဥပဒေထဲမှာလည်း တည်ဆဲနည်းဥပဒေမှာရှိတဲ့ ပြဌာန်းချက် ဖြစ်ပါတယ်။ ဒါကို နည်းဥပဒေညီညွတ်မှု ရှိစေရန် ပြင်ဆင် ထားခြင်း ဖြစ်ပါတယ်။ နောက် ပုဒ်မ ၄၈၊ ပုဒ်မခွဲ (ဃ)မှာလည်း ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး ဆိုတာ ခုနတင်ပြခဲ့တဲ့ ဝန်ကြီးဌာနနဲ့ အဖွဲ့အစည်းတွေအားလုံး ခြုံငုံပါဝင်နိုင်အောင် ပြင်ဆင်ထားတာ ဖြစ်ပါတယ်။

နောက်ပုဒ်မ ၅၆ ခြေဆင်းမှာတော့ ဝန်ထမ်းနှင့် သက်ဆိုင်သည့် ပင်စင်အမျိုးအစားများမှာ အောက်ပါအတိုင်းဖြစ်သည် ဆိုပြီးတော့ အောက်ကဖော်ပြထားချက်တွေနဲ့ ချိတ်ဆက်မှု ညီညွတ်စေရန် ပြင်ဆင်ထားခြင်း ဖြစ်ပါတယ်။ နောက်ပုဒ်မ ၆၄ မှာ လျော်ကြေးပင်စင်ခံစားခြင်း၊ ကွယ်လွန်အနိစ္စ ရောက်ခြင်းတစ်ခုခု ဖြစ်ပါက လုပ်သက်ဆုငွေနှင့် ပင်စင်ခံစားခွင့်တို့ကို ရခွင့်ရှိသည် ဆိုတဲ့ စကားရပ် ကိုတော့ လျော်ကြေးပင်စင် ခံစားခြင်း၊ လျှော့ပေါ့ပင်စင် ခံစားခြင်း၊ ကွယ်လွန်အနိစ္စရောက်ခြင်း တစ်ခုခုဖြစ်ပါက လုပ်သက်ဆုငွေနဲ့ ပင်စင်ခံစားခွင့်တို့ကို ရခွင့်ရှိသည်ဆိုပြီးတော့ လျှော့ပေါ့ပင်စင် ဒါ မပါလို့ ဖြည့်စွက်ထားတာ ဖြစ်ပါတယ်။ ပုဒ်မ ၇၄ ကတော့ သက်ဆိုင်ရာဝန်ကြီးဌာနဆိုတဲ့ စကားရပ်မှာ သက်ဆိုင်ရာဝန်ကြီးဌာနနှင့်အဖွဲ့အစည်း ဆိုပြီးတော့ ခြုံငုံပြီးတော့ ပြဌာန်းထားတာ ဖြစ်ပါတယ်။

မူလတင်ပြထားတဲ့ လုပ်သက်ခွင့်၊ လုပ်သက်ပြည့် အငြိမ်းစား ခံစားခွင့်ဆိုင်ရာပုဒ်မများ ဖြစ်တဲ့ ဥပဒေပုဒ်မ ၅၈ နှင့် ပုဒ်မ ၆၂ အစားထိုး ပြင်ဆင်ချက်တွေကိုတော့ အဆိုပြုပြဌာန်းချက်အတိုင်း အတည်ပြုသင့်ပါကြောင်း ကျွန်တော်တို့ ကော်မတီက ထောက်ခံတင်ပြအပ်ပါတယ်။

မြန်မာစာအသုံးအနှုန်း မှန်ကန်မှုရှိစေရန်၊ ဥပဒေရေးထုံးမှန်ကန်မှု ရှိစေရန်၊ နောက်တစ်ခါ ကျွန်တော်တို့ အပိုဒ်တွေ အစားထိုးလိုက်တဲ့အတွက်ကြောင့်မို့လို့ ပြောင်းလဲသွားတဲ့ အစီအစဉ်တွေ ကိုလည်း ပြန်လည်စိစစ်ထားပါတယ်။ ပြင်ဆင်ချက် အပြည့်အစုံကိုတော့ လွှတ်တော်ကိုယ်စားလှယ်ကြီး များထံမှာ နောက်ဆက်တွဲ ကနဲ့လနဲ့ဖြတ်ဇယားနဲ့ ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**ကော်မတီရဲ့ သဘောထားမှတ်ချက်**

၃။ ကျွန်တော်တို့ ကော်မတီဟာ နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းအပေါ်မှာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌရဲ့ လမ်းညွှန်ချက်နဲ့အညီ နိုင်ငံ့ဝန်ထမ်းများရဲ့ အကျိုးစီးပွားကို တိုးတက် ဖော်ဆောင်ပေးရန်နဲ့ ပြောင်းလဲလာတဲ့ ခေတ်စနစ်နဲ့ ကိုက်ညီစေရန် မူလတင်ပြခဲ့တဲ့ ပုဒ်မ နှစ်ခုသာမကပါဘူး။ ထပ်မံတင်ပြလာတဲ့ အချက်များအပေါ်မှာ စီမံကိန်းနဲ့ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့ အပါအဝင် သက်ဆိုင်ရာဌာန အဖွဲ့

အစည်း အသီးသီးနဲ့ အသေးစိတ်ညှိနှိုင်း ဆွေးနွေးခဲ့ပြီး ဖြစ်တဲ့အတွက်ကြောင့်မို့လို့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်များကို အမျိုးသားလွှတ်တော်ကြီးက အတည်ပြုဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာအစီရင်ခံ တင်ပြအပ်ပါတယ်။ အားလုံးကိုအထူးပဲ ကျေးဇူးတင်ရှိပါတယ်။(သြဘာသံများ)

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နိုင်ငံ့ဝန်ထမ်း ဥပဒေကို ပြင်ဆင် သည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၁း၂၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ်ဖော်ပြလက်မှတ်ရေးထိုးပြီး ၁၅-၈-၂၀၁၆ (တနင်္လာနေ့) ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၁၃)ရက်မြောက်နေ့အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၂၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ သြဂုတ်လ ၁၁ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ၁၁း၂၅ နာရီအချိန်တွင် ရပ်နားပါသည်။]